# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

### ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေ့မှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်

နေပြည်တော် အောက်တိုဘာ ၇

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**


**အစ္စရေးနှင့် ဟားမားစ်တို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် မကြာမီရရှိမည်ဟု ယုံကြည်ကြောင်း အမေရိကန်သမ္မတပြော** — နိုင်ငံတကာသတင်း စာ ၁၄

**သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်သူများပြား** — ပြည်တွင်းသတင်း စာ ၁၆

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

- **နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်**
- **မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်**

❖ *ရွှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို စတင်ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အဖွင့်တေးကဗျာ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက် မြန်မာဘိုးဘွားတို့၏ တီထွင်ကြံဆမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင် ထူးထူးခြားခြား ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ကြကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှု အဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ယနေ့ထက်တိုင်

*စာမျက်နှာ ၄ သို့*

# မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့်ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာဆက်လက်ရှင်သန် ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေး



## ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီးနှင့် အဖွဲ့ဝင်များက အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက "အဖွင့်တေးကဗျာ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

အရှည်တည်တံ့ခိုင်မြဲပြီး ရေးမူရေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့ နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်ကြောင်း။

**ရှေးအစဉ်အလာကောင်းများကို အတုယူ**

မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင် ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း။

**သီးသန့်မူဟန်များဖြင့် ဖြစ်ထွန်းနေ**

မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် သီးခြားဂုဏ်ရည်၊ သီးသန့်မူဟန်များဖြင့် ဖြစ်ထွန်းနေခြင်းရှိသကဲ့သို့ အဆိုနှင့်အက၊ အကနှင့်အတီး၊ အတီးနှင့် အဆို၊ အဆိုနှင့်အရေးပညာရပ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး အပြန်အလှန်ထိန်းကွပ်မှု၊ အပြန်အလှန်ပံ့ပိုးမှုများဖြင့် တင့်တင့်တယ်တယ် ဆက်စပ်ဖြစ်ထွန်းနေသည်ကိုလည်း တွေ့နိုင်မည်ဖြစ်ကြောင်း။




ယခု(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်အနုပညာရှင်များသည်လည်း မိမိတို့၏ အနုပညာစွမ်းရည်များကို အားပေးကြည့်ရှုအကဲဖြတ်နေကြသူများနှင့် ပရိသတ်များအတွက် စိတ်ကျေနပ်အားရဖွယ်ဖြစ်အောင် ပေးစွမ်းနိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ ယခုပြိုင်ပွဲကြီးသည် ယှဉ်ပြိုင်မှုသာမက ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှုအနုပညာအသီးသီးကို နှီးနှောဖလှယ်မျှဝေနိုင်မှု စသည့်အကျိုးရလဒ်များမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်လည်း ဖြစ်ကြောင်း။

**တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်**

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်နိုင်စေရန်နှင့် ယခုကျင်းပသည့် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရန် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူများ၊ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ် အဖွဲ့ဝင်အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် အနုပညာမြတ်နိုးသူပရိသတ်များအားလုံးက တူညီသည့်စိတ်ထားနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမေတ္တာရပ်ခံလိုကြောင်း။

တာဝန်ရှိသူများနှင့်အနုပညာရှင်များကို တိုက်တွန်းပြောကြားလိုသည်မှာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၄ မှ*

ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရနိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ ယခုကျင်းပမည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပရသည့် ဦးတည်ချက်(၄)ရပ်နှင့်အညီ အောင်မြင်အောင်ကြိုးစားဆောင်ရွက်ပြီး ယဉ်ကျေးမှုအမွေမျှဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**ယဉ်ကျေးမှုနှင့်အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဖွဲ့နှုဆီစက်၊ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ Mapco မှ ဖွဲ့နှုဆီစက်တည်ဆောက်နေမှုနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ New Stellar Energy MM Co., Ltd. ၏ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့် စက်ရုံနှင့် Myanmar New Power Auto Co., Ltd. မှ SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်၊ နှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်မည့် စက်ရုံစီမံကိန်းများသို့ ရောက်ရှိပြီး စက်ရုံများ တည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးက လိုက်လံရှင်းလင်းပြသသည်။



**ကြပ်မတ်ဆောင်ရွက်ရမည်**

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံအဆောက်အအုံများ တည်ဆောက်ရာတွင် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ -၂၀၂၅ နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်း (Agro Based Industry) များကို အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသဖြင့် စက်ရုံစီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်၍ လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် စတင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ဖြစ်သည့် အင်ဗာတာ၊ ဘက်ထရီများတပ်ဆင်ထုတ်လုပ်ရန်အတွက် စက်ရုံအား သတ်မှတ်အချိန်တွင် စတင်လည်ပတ်နိုင်ရေးအတွက် အဆင့်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရေးဆွဲထားရှိသည့် အချိန်ဇယားအတိုင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် စက်ရုံတည်ဆောက်ရေး လုပ်ငန်းများ၊ စက်တပ်ဆင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အချိန်မီပြီးစီးရေး၊ စနစ်တကျရှိရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေ လိုကြောင်းနှင့် အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားပြီး ကုမ္ပဏီတာဝန်ရှိသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။



**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# နှုတ်မြိန်စေသော သံခင်းတမန်ခင်း

စည်သူကျော်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရုယ်ဗာ လေဆိပ်၌ ခေတ္တရပ်နားစဉ် နိုင်ငံတော်အကြီးအကဲ နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ လေဆိပ်ဧည့်ခန်းမ ဆောင်၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည့် သတင်းကို ဖတ်ရှုလိုက်ရပါသည်။ နိုင်ငံတကာခရီးစဉ်များ အတွင်း နှစ်နိုင်ငံ အပြုသဘောဆောင် ဆွေးနွေး ဆောင်ရွက်ကြသည်များက နိုင်ငံ့အကျိုးစီးပွား အတွက် အလေးထား ဆောင်ရွက်ကြရသည့် လုပ်ဆောင်ချက်များ ဖြစ်ပါသည်။

ထူးခြားသည်မှာ ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံမှ အသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက် ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက် ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ခြင်းဖြစ်ကာ နိုဗာစီဗစ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြိန်ရှက်စွာ သုံးဆောင်ခဲ့ကြပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာ များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ခြင်း ပင်ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် အဖွဲ့ဝင်များအား မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံစဉ်။ (၂၄-၉-၂၀၂၅)

### စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေမည်

တစ်ဖန် စက်တင်ဘာလ ၂၇ ရက်နေ့က ကမ္ဘာ့ ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို နေပြည်တော် တွင် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ၌ ဆောင်ရွက် လျက်ရှိသော ခရီးသွားလုပ်ငန်းအမျိုးအစားများ အကြောင်း ဗီဒီယိုကလစ်ကိုပြသ၍ အစားအသောက် ဆိုင်ရာ ခရီးသွားလုပ်ငန်း Gastronomy Tourism အကြောင်းကိုလည်း ထည့်သွင်းပြသသွားသည်ကို တွေ့ရှိရသည်။ ခရီးသွားဧည့်သည်များအတွက် နေရာဒေသတစ်ခုတွင်ရှိသည့် အစားအသောက်များ၏ အရသာကို သွားရောက်မြည်းစမ်း စားသုံးရုံ သာမက အဆိုပါအစားအသောက်၏ နောက်ကွယ် တွင်ရှိသော ယဉ်ကျေးမှုအစဉ်အလာ၊ သမိုင်း ကြောင်းနှင့် ထုတ်လုပ်ပုံနည်းစနစ်များကိုပါ လေ့လာနိုင်သော ခရီးသွားရောက်မှုပုံစံသည် အစား အသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၁၂ ခုနှစ်မှ စတင်၍ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကို ခရီးသွားလုပ်ငန်း အမျိုးအစားတစ်ခုအနေဖြင့် ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အစားအသောက် ဆိုင်ရာ ခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်းအားဖြင့် ဒေသထွက်ကုန်ပစ္စည်းများကို အစားအစာများ ထုတ်လုပ်ရောင်းချရာတွင် အသုံးပြုနိုင်သည့် အတွက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေမည် ဖြစ်သည့်အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုး တိုးတက်လာစေမည်ဖြစ်ပါကြောင်း တင်ဆက်သွား သည်ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် အစားအသောက်သည် နိုင်ငံတကာ ဆက်သွယ်ဆက်ဆံရေးနှင့် မြှင့်တင်ဆောင်ရွက်ခြင်း အပိုင်းတို့တွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင် လာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအပိုင်း တွင် အစားအသောက်ကို ရှေးယခင်ကတည်းကပင် မီဒီယံ (Medium) တစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။ လက်ရှိတွင်လည်း နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် ယင်းကို အသုံးဝင်သော ကိရိယာ တစ်ခု (Tools)သဖွယ် အသုံးပြုလျက်ရှိကြသည်ကို ကြည့်ခြင်းဖြင့် မည်မျှထိရောက်သော အရာ ဖြစ်သည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

### ကမ္ဘာ့သံခင်းတမန်ခင်း မျက်နှာစာတွင် နေရာယူ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာအစားအစာနှင့် ချက်ပြုတ်နည်းပုံစံ များ ရှိကြသည်။ ထိုအစားအစာယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်ခြင်းဖြင့် မိမိနိုင်ငံ၏ ကိုယ်ပိုင် ယဉ်ကျေးမှုစရိုက်လက္ခဏာများကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက် ရေးကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံများအကြား ချစ်ကြည် ရင်းနှီးမှုကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ယဉ်ကျေးမှုများ ဖလှယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေ မည်ဖြစ်ပါသည်။ အစားအစာသည် စိတ်ကျေနပ် ဖွယ်ရာ အရသာနှင့် အာဟာရတန်ဖိုးပေးစွမ်းမှု သက်သက်မဟုတ်တော့ပေ။ စေ့စပ်ညှိနှိုင်းခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ရံဖန်ရံခါ ငြိမ်းချမ်း ရေးကို ယူဆောင်လာခြင်းတို့အထိပင် သက်ရောက်မှု ကကြီးမားလာသည်။ ဟင်းလျာတို့သည် အစားအစာ သက်သက်ဆိုခြင်းထက် ယဉ်ကျေးမှုများကို ပြန်ပြောင်းပြောဆိုခြင်း၊ ပျော့ပျောင်းသော စွမ်းပကားနှင့် ရံဖန်ရံခါ သံခင်းတမန်ခင်းပင်ဖြစ်လို့ လာပေပြီ။ Gastro–Diplomacy အဖြစ် ကမ္ဘာ့ သံခင်းတမန်ခင်း မျက်နှာစာတွင် နေရာယူလာပြီ ဖြစ်သည်။

နှုတ်မြိန်စေသော သံခင်းတမန်ခင်း (Gastro–Diplomacy) နှင့် အစားအစာ ခရီးသွားလုပ်ငန်း (Gastronomy Tourism) ဖွံ့ဖြိုးလာသည်နှင့်အမျှ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းတွင် ပါဝင်သော စားဖိုမှူးများ၊ အစားအစာပြင်ဆင် ချက်ပြုတ်သူများ၏ အခန်းကဏ္ဍသည်လည်း အဓိကကျလာပါသည်။ ယခင်က ခရီးစဉ်များအတွင်း လှည့်လည်ရှင်းလင်းပြသသော ဧည့်လမ်းညွှန်များ က ကမ္ဘာလှည့်ခရီးသွားများကို တိကျမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ သမိုင်းနှင့် ရိုးရာဓလေ့များကို စိတ်ဝင် စားဖွယ်ရာ မိတ်ဆက်ပေးခြင်း၊ မိမိနိုင်ငံ၏ အဆင့် အတန်းပုံရိပ်ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း တို့ကြောင့် နိုင်ငံ့သံတမန်များအဖြစ် တင်စားခေါ်ဝေါ် ခဲ့ကြသည်။

ဧည့်လမ်းညွှန် (Tourist Guide) များသည် နိုင်ငံရေးသံတမန် (Diplomatic Ambassador) များ မဟုတ်ကြသော်လည်း နိုင်ငံ့ကိုယ်စားပြု ယဉ်ကျေးမှုသံတမန် (Cultural Ambassador)၊ ခရီးသွားလုပ်ငန်းသံတမန် (Tourism Ambassador) များဖြစ်ကြပါသည်။ သို့ဖြစ်ရာ အစားအသောက် များကို သံခင်းတမန်ခင်းတွင် တင်ဆက်အသုံးပြု လာကြရာဝယ် ယင်းအစားအစာများအား ပြင်ဆင် ချက်ပြုတ်သည့် စားဖိုမှူးများကိုလည်း သံတမန် (Diplomat) များ အဖြစ် ခေါ်ဆိုကြရပေလိမ့်မည်။ အစားအစာများသည် the most immediate and memorable connection ဟု ဆိုရလောက်အောင် နှစ်ဦးနှစ်ဖက်ကြား ထင်ရှားသော အမှတ်သညာကို စွဲမှတ်ပေးစေနိုင်သည်။ အမြဲအမှတ်ရနေစေမည့် အရာလည်းဖြစ်ပါသည်။

### နိုင်ငံ၏ပုံရိပ်နှင့် လူသိများမှုကို မြှင့်တင်ရန်ဖြစ်

Gastro–diplomacy သည် ရှေးယခင်ကတည်း ကပင် တည်ရှိလာခဲ့သော အစဉ်အလာတစ်ခု ဖြစ်ပါ သည်။ Gastro–Diplomacy (အချို့နေရာတွင် Culinary Diplomacy ဟုလည်း ခေါ်ဝေါ်သုံးနှုန်း ကြသည်။)နှင့် စပ်လျဉ်း၍ အကိုးအကားပြုရာ၌ ၂၀၀၂ ခုနှစ်က ထိုင်းနိုင်ငံမှ အကောင်အထည်ဖော် ခဲ့သော "The Global Thai Program"နှင့် "Thailand; Kitchen of the World" အစီအစဉ်နှစ်ခုသည် ထင်ရှားသော အစီအစဉ်များဖြစ်ပါသည်။ ရည်ရွယ် ချက်မှာ ကမ္ဘာတစ်ဝန်း ထိုင်းစားသောက်ဆိုင်များ တိုးချဲ့ဖွင့်လှစ်နိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုင်းအစားအစာများကို ကမ္ဘာကသိရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းအစီအစဉ်ကြောင့်

*စာမျက်နှာ ၇ သို့*

❍ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအပိုင်းတွင် အစားအသောက်ကို ရှေးယခင် ကတည်းကပင် မီဒီယံ(Medium)တစ်ခုအဖြစ် အသုံးပြုခဲ့ကြ

❍ လက်ရှိတွင်လည်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ယင်းကို အသုံးဝင်သော ကိရိယာတစ်ခု (Tools)သဖွယ် အသုံးပြုလျက်ရှိကြသည်ကို ကြည့်ခြင်းဖြင့် မည်မျှထိရောက်သော အရာဖြစ်သည်ကို သိရှိနိုင်မည်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

**၈၁**

ရက်

သာ လိုတော့သည်။

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

### ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများစာရင်း ရပ်ကွက်များအလိုက် ဆက်လက်ကပ်ထားကြေညာ



**ရန်ကုန် အောက်တိုဘာ ၇**

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ ဆန္ဒမဲပေးနိုင်ရန်အတွက် မိမိတို့မဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်များ၌ ပထမအကြိမ် ကြေညာထားရှိပြီး မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မဲစာရင်းတွင် မိမိအမည်စာရင်းပါမပါ၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းမှု ရှိ မရှိကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်းရှိ သက်ဆိုင်ရာရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ကြေညာထားလျက်ရှိရာ ယနေ့တွင်လည်း နံနက် ၇ နာရီမှစတင်ကာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့ရပ်ကွက်တွင် မဲစာရင်းကြေညာထားရှိမှုကို မိမိတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ ဆန္ဒမဲပေးနိုင်ရန်အတွက် သွားရောက်ကြည့်ရှုပြီး မဲစာရင်းတွင် မိမိအမည် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သောပုံစံများကိုလည်း သက်ဆိုင်ရာ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ထုတ်ယူနိုင်ကြောင်းနှင့် ပြည်သူများ နေ့စဉ်လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**သန်းသန်းအေး (ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ကမ္ဘာတစ်ဝန်းရှိထိုင်းစားသောက်ဆိုင်အရေအတွက်သည် ၂၀၀၂ ခုနှစ်က ၅၅၀၀ ခန့်သာရှိခဲ့ရာမှ ယခု ၂၀၂၅ ခုနှစ်တွင် စားသောက်ဆိုင်ပေါင်း ၁၅၀၀၀ ခန့်အထိ ရှိလာခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ကမ္ဘာတစ်လွှား ထိုင်းအစားအစာရောင်းချသည့်ဆိုင်များ တိုးပွားလာခြင်းသည် အဆိုပါအစီအစဉ်နှစ်ခု၏ Output များ ဖြစ်ပါသည်။ မျှော်မှန်း Outcome များ အနေဖြင့် လေ့လာကြည့်ပါက ထိုင်းရိုးရာအစားအစာများမှတစ်ဆင့် ထိုင်းနိုင်ငံ၏ ပုံရိပ်နှင့် လူသိများမှုကို မြှင့်တင်ရန်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ထိုင်းအစားအစာထုတ်လုပ်ရောင်းချမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းမှသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ခရီးသွားဧည့်သည် ၃၅ သန်းအထိ စံချိန်တင် ဝင်ရောက်ခဲ့သလို ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်း မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် ထိုင်းနိုင်ငံ၏ Gastro-Diplomacy သည် အောင်မြင်သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပင်လယ်သမုဒ္ဒရာ၊ ရေမြေ၊ တောတောင်များနှင့် ကျယ်ပြန့်သော ပထဝီဝင် အနေအထားရှိသကဲ့သို့ တိုင်းရင်းသား ၁၃၅ မျိုးတို့ မှီတင်းနေထိုင်လျက်ရှိခြင်းကြောင့် တိုင်းရင်းသားတိုင်းတွင် မတူကွဲပြားသော ယဉ်ကျေးမှုနှင့် နေထိုင်စားသောက်မှုပုံစံတို့ ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်ထားကြပါသည်။ ထို့အတူ မိမိတို့ဒေသ၌ စိုက်ပျိုးထုတ်လုပ်သည့် ကုန်ကြမ်းများနှင့် ရိုးရာနည်းစနစ်များအတိုင်း ချက်ပြုတ်ပြင်ဆင်သော အစားအစာများလည်း ရှိကြပါသည်။ ယင်းအစားအစာများသည် ယခုအခါတွင် မိမိတို့ဒေသအတွင်းသာမက အခြားဒေသများသို့ပါ ဖြန့်ကြက်ရောက်ရှိနေပြီဖြစ်သည်။ မြန်မာ့ရိုးရာ အစားအစာများသည် အာဟာရတန်ဖိုးပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သော ဒေသထွက်ကုန်များကိုသာ အသုံးပြုချက်ပြုတ်ပြင်ဆင်ခြင်းကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ဖြစ်ကြပါသည်။

**တိုင်းရင်းသားရိုးရာ အစားအစာများ ဖော်ထုတ်မြှင့်တင်**

၁၂ လရာသီအလိုက်ပွဲတော်များ ကျင်းပရာတွင်လည်း ရိုးရာအစားအစာများကို ထည့်သွင်းပြင်ဆင်ကျွေးမွေးကြသည့် ချစ်စရာအလေ့အထများ ရှိပါသည်။ ယနေ့ကာလတွင် တိုင်းရင်းသားရိုးရာ အစားအစာများ ဖော်ထုတ်မြှင့်တင်ခြင်းများကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပါသည်။ ဒေသအလိုက် တိုင်းရင်းသားရိုးရာအစားအစာ ပွဲတော်များကျင်းပခြင်း၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့စသော အထိမ်းအမှတ်နေ့များတွင် နေပြည်တော်၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးထုတ်ကုန်များ ပြသရောင်းချပွဲများ ကျင်းပရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များကို ဖွင့်လှစ်စေပြီး မိမိတို့၏ ဒေသရိုးရာ အစားအစာများကို လာရောက်ပြင်ဆင်ချက်ပြုတ်ရောင်းချစေခြင်းဖြင့် အားပေးမြှင့်တင်ဖော်ထုတ်ပေးခြင်း၊ ပြည်ပတွင် ကျင်းပပြုလုပ်သည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်များတွင် မြန်မာ့ရိုးရာ အစားအစာများကို သွားရောက်တည်ခင်းပြသစေခြင်း၊ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များ၊ ချစ်ကြည်ရေးလာရောက်သည့် ခရီးစဉ်များတွင် မြန်မာ့ရိုးရာအစားအစာ၊ ဒေသအစားအစာများကို ဖွယ်ဖွယ်ရာရာ တည်ခင်းဧည့်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒေသအလိုက် ဟိုတယ်များတွင်လည်း မနက်စာ တည်ခင်းဧည့်ခံရာ၌ မြန်မာ့ရိုးရာမုန့်ပဲသရေစာများ၊ အစားအစာများကို ထည့်သွင်းတည်ခင်းကျွေးမွေးခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာက ပိုမိုသိရှိလာစေမည်ဖြစ်ပါသည်။ ။

# ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။







(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

**သီဆိုယှဉ်ပြိုင်**

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် **အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **သာဆန်းရဂုံဘွေ(ပတ်ပျိုး) သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **ဇမ္ဗူရောင်ကွန့်(ဘွဲ့) သီချင်းဖြင့်**လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**"ခေတ်ဟောင်း/ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ **အနန္တငါးဖြာ သီချင်းဖြင့်** လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **ရိပ်မြိုင်ရေချမ်းမေတ္တာစမ်းသီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **ဒိုးကလေးသီချင်းဖြင့်**လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**ကကြိုးကကွက်**

**စုံလင်စွာဖြင့် ယှဉ်ပြိုင်**

ထို့ပြင် **အကပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**ဖော်ကျူးတေးဖွဲ့**

ထို့အတူ **အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"လူချွန်လူကောင်းတို့ဂုဏ်ရည်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ **အခြေခံပညာ (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ကျောင်းနေစဉ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

*စာမျက်နှာ ၉ သို့*



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၌ အရေးပြိုင်ပွဲ ယှဉ်ပြိုင်ကြစဉ်။



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၈ မှ*

အလားတူ **တယောအတီးပြိုင်ပွဲကို** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **ဝေဘာဂီရိ (ကြိုး) သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **တိမ်တမန် (ကာလပေါ်) သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **မဟာဇနက (ခေတ်ဟောင်းကာလပေါ်) သီချင်းဖြင့်**လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။






(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တယောအတီးယှဉ်ပြိုင်မှုများကို ဒိုင်အဖွဲ့နှင့် ပရိသတ်များ အကဲဖြတ်အားပေးစဉ်။

ထို့အတူ **ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို** ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)သီချင်း**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြန်မြေနယ်ဇမ္ဗူပါ (မြင်းခင်း)" သီချင်းဖြင့်**လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြန်မြေနယ်ဇမ္ဗူပါ (မြင်းခင်း) သီချင်းဖြင့်**လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ထိုသို့ သတ်မှတ်နေရာများအလိုက် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့် ဟူ၍ အဆင့်ဆင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)၊ အခြေခံပညာ(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အဆင့်မြင့်ပညာ အဆင့်ဟူ၍ အဆင့်(၃)ဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၀၇ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ်အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ အကပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ အကပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။







(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၌ အရေးပြိုင်ပွဲ ယှဉ်ပြိုင်ကြစဉ်။

# ယောဓလေ့ သနပ်ခါးပါးတို့ပွဲ

ဆလိုင်းကိုကီး (မဟာဝိဇ္ဇာ)



မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ အရ ဆယ့်နှစ်လရာသီအလိုက် ပွဲတော်များကို အလေးထား၍ စည်စည်ကားကား ကျင်းပလေ့ရှိကြပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည်လည်း ရှေးဘိုးဘေးဘီဘင်လက်ထက်များမှစတင်ကာ ယနေ့အထိ ဆယ့်နှစ်လရာသီကာလများတွင် ရာသီအလိုက်၊ ဒေသအလိုက်ပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပါသည်။ ထိုအထဲတွင် သီတင်းကျွတ်မီးထွန်းပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်၏။

သီတင်းကျွတ်ကာလတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ယောနယ်များဖြစ်သော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုဒေသများတွင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ထွန်းညှိကပ်လှူပူဇော်ပွဲ၊ မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲတို့ကို ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းခဲ့ကြပြီး နှစ်စဉ်ပြုလုပ်ကျင်းပကြပါသည်။ ထိုပွဲများအနက် သနပ်ခါးပါးတို့ပွဲသည် တစ်မူထူးခြားပြီး လူငယ်များအကြား ချစ်ခြင်းမေတ္တာမျှဝေခြင်းအမှတ်သင်္ကေတအဖြစ် ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုကို ပိုမို ခိုင်မြဲစေသော ယောဓလေ့ပွဲတော်တစ်ခုဖြစ်ပါသည်။

**မီးကြာခွက်ကလေးများဖြင့် ဆီမီးထွန်းပူဇော်ကြ**

သနပ်ခါးပါးတို့ပွဲတွင် မီးကြာလှည့်ပွဲ ထည့်သွင်း ကျင်းပလျက်ရှိပြီး သီတင်းကျွတ်အခါသမယ၌ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ကြွမြန်းလာသည်ကိုရည်စူး၍ ယောလူမျိုးက မီးကြာခွက်ကလေးများဖြင့် ဆီမီးထွန်းပူဇော်ကြခြင်းဖြစ်ပါသည်။

သနပ်ခါးပါးတို့ပွဲဟူသည်မှာ ယောနယ်ဒေသများရှိ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဝင်္ကပါများဆောက်လုပ်ကြပြီး ဝင်္ကပါအလယ်တွင်ရှိသည့် မြတ်စွာဘုရား၏ရုပ်ပွားတော်မြတ်ကို ဆီမီးပူဇော်ပွဲကျင်းပရာတွင် ပါဝင်ဆင်နွှဲသည့် ဧည့်သည်များကို ဒေသခံလူငယ်များက သနပ်ခါးတို့ဖတ်များဖြင့် လိမ်းခြယ်ပေးသည့် သနပ်ခါးကို အခြေခံသော ရိုးရာယဉ်ကျေးမှု ဓလေ့ပွဲတော်လည်းဖြစ်သည်။ ယောဒေသတွင် သနပ်ခါးပါးတို့ပွဲကို နှစ်စဉ်သီတင်းကျွတ်လမှ တန်ဆောင်မုန်းလပြည့်ကျော်ကာလများအထိ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိရာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း သနပ်ခါးယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာကို ဖော်ညွှန်းသော ပွဲတော်တစ်ခုလည်းဖြစ်ပါသည်။

ယောနယ်ဒေသများတွင် သီတင်းကျွတ်လသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မှုနည်းပါးသည့်အချိန်ကာလဖြစ်သောကြောင့် ပွဲတော်များကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ရန်အချိန်ရရှိကြလေသည်။ သီတင်းကျွတ်လဆန်းပိုင်းတွင် ယောနယ်ရှိ ကလေးငယ်များသည် ဆန်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ငှက်ပျောဖီး စသည်တို့ကိုယူဆောင်ကာ သက်ကြီးဘိုးဘွားအိမ်များသို့ အိမ်စဉ်လှည့်၍ ဆန်တစ်ဇွန်း၊ ဖယောင်းတိုင်တစ်ချောင်းမှစ၍ မိမိတတ်နိုင်သည့်အလျောက် လှူဒါန်းကြသည်။ ထိုအခါ သက်ကြီးဘိုးဘွားများက ဆုများပေး၍ သကြားလုံးနှင့်မုန့်မျိုးစုံတို့ကို ပြန်ပေးရသည်။ သက်ကြီးဘိုးဘွားများကလည်း ကလေးငယ်များ လှူဒါန်းမှုမှ ရရှိထားသောဆန်များကို ချက်ပြုတ်၍ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သီတင်းကျွတ်လပြည့်နေ့ အရုဏ်ဆွမ်းအဖြစ် ပြန်လည်ကပ်လှူလေ့ ရှိကြသည်။

**စိတ်နှလုံးတွင် ဝမ်းသာကြည်နူးမှုကို ခံစားရရှိစေ**

ထိုနေ့တွင် ယောနယ်ကျေးရွာရှိ အိမ်တိုင်းကပင် အသားများ၊ ဒေသထွက်ဟင်းသီးဟင်းရွက်များ၊ အသုပ်စုံ၊ အကြော်စုံနှင့် ချဉ်ပေါင်သနပ် အစရှိသည့် ယောဒေသဟင်းလျာတို့ကို ချက်ပြုတ်ပြုလုပ်၍ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ အရုဏ်ဆွမ်းအဖြစ် ကပ်လှူကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ရွာဦးဘုန်းတော်ကြီးကျောင်း၌သာမက ကျေးရွာရှိ သက်ကြီးဘိုးဘွားအိမ်များသို့ အာဟာရဒါနအဖြစ် ဆွမ်းပို့ကုသိုလ်ယူလေ့ရှိကြသည်။ သီတင်းကျွတ်လပြည့် အရုဏ်တက်ချိန် အိမ်တိုင်း၌ ထွန်းညှိထားသော ဆီမီးရောင်စုံအလှများကြားတွင် ဆွမ်းအုပ်၊ ဆွမ်းလင်ပန်းများ ခေါင်းပေါ်ရွက်လျက် တစ်အိမ်တက်ဆင်း ကုသိုလ်ပြုလုပ်နေကြသော သနပ်ခါးပါးကွက်ကြားနှင့် ယောသူတို့အလှသည် ကား ကြည့်ရှုသူ၏ စိတ်နှလုံးတွင် ဝမ်းသာကြည်နူးမှုအရသာကို အပြည့်အဝခံစားရရှိစေပါသည်။

ယောနယ်ဒေသရိုးရာဓလေ့ပွဲတော်ဖြစ်သည့် သနပ်ခါးပါးတို့ပွဲကျင်းပနိုင်ရန် ယောနယ်သူ ယောနယ်သားတို့သည် သီတင်းကျွတ်လဆန်းပိုင်းကပင် ဝါးနှီးခုတ်ခြင်း၊ နှီးဖြာခြင်း၊ မီးအုပ်၊ မီးကြာများ ပုံစံပြုလုပ်၍ ရောင်စုံစက္ကူ၊ မှန်ရောင်စက္ကူတို့ကို နှီးဖြင့် ပေါင်းစပ်လျက် မီးကြာခွက်များပြုလုပ်ခြင်း အပါအဝင် ပန်းကြာများ၊ မုလေးပွားများ၊ ကြက်လျှာများပြုလုပ်ခြင်းနှင့် ပွဲတော်အတွက် အနီးပတ်ဝန်းကျင်ရှိကျေးရွာများအား ဖိတ်ကြားခြင်း၊ အိုးစည်ပြိုင်ပွဲ ပြုလုပ်ရန်အတွက် အိုးစည်သားရေကျစ်ခြင်း၊ တိုးရုပ်ကုံးခြင်း၊ ယိမ်းတိုက်ခြင်း၊ သံချပ်စပ်ခြင်းများဖြင့် ကြိုတင်ပြင်ဆင်နေတတ်ကြသည်။ ထိုလုပ်ငန်းများအတွက် သီတင်းကျွတ်လဆန်း ၈ ရက်၊ ၉ ရက်လောက်ကပင် ကျေးရွာရှိ လူငယ်၊ လူလတ်၊ လူကြီးအားလုံးစုဝေး၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဝယ်ယူစုဆောင်းထားရှိရမည့် ပစ္စည်းများကို ဝိုင်းဝန်းဆွေးနွေးတိုင်ပင်လေ့ရှိကြသည်။ ထို့နောက် လူငယ်ခေါင်းဆောင်များကို ရွေးချယ်ပြီး တာဝန်အသီးသီးခွဲဝေပေးကြသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ဝင်္ကပါကို အကွေ့အကောက်ပေါင်း မြောက်မြားစွာဖြင့် တည်ဆောက်လေ့ရှိကြပြီး တည်ဆောက်မည့် မြေနေရာအား စတင်ပန္နက်ရိုက်ချိန်မှာပင် ပွဲတော်အတွင်း ပရိသတ်ဝင်ဆံ့နိုင်မည့် အကျယ်အဝန်းအပေါ်မူတည်ပြီး နှစ်ပြည်တောင်၊ လေးပြည်တောင်၊ ရှစ်ပြည်တောင် စသည်ဖြင့် ခန့်မှန်းတိုင်းတာမှတ်သားကြသည်။ ထို့နောက် စတင်ပန္နက်ရိုက်ပြီး ရာဇမတ်များရက်လုပ်ကာရံကာ ထောင့်လေးထောင့်တွင် ငှက်ပျောပင်များစိုက်ပြီး ညောင်ရေအိုးတစ်လုံးစီတင်ထားကြသည်။ ဝင်္ကပါအတွင်းရှိ မြတ်စွာဘုရားစံကျောင်းဆောင်ကိုလည်း ငှက်ပျောပင်၊ သံဖြူ၊ ရာဇမတ်များဖြင့် မင်္ဂလာရှိအောင်ဆောင်ရွက်ကြလေသည်။ ရှေးအစဉ်အဆက် ကျင်းပလာခဲ့သော ပွဲအတွေ့အကြုံကောင်းများကို နည်းနာယူပြီး ပွဲတော်အောင်မြင်ရေးနှင့် ပိုမိုစည်ကားရေးတို့အတွက် ကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်နှင့် လူကြီးများ၏ဦးဆောင်ပြသမှုတို့ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လေ့ရှိကြသည်။

ယောနယ်သူ ယောနယ်သားများသည် အခြားကျေးရွာ တစ်ရွာ၌ သနပ်ခါးပါးတို့ပွဲကျင်းပမည်ဆိုပါက အဆိုပါကျေးရွာရှိ ဆွေမျိုးအိမ်များ၊ မိတ်ဆွေအပေါင်းအသင်းအိမ်များသို့ နံနက်အစောပိုင်းကပင် သွားရောက်တည်းခိုနေထိုင်လေ့ရှိတတ်ကြသည်။ ညနေခင်းရောက်ရှိလာချိန်တွင် ဧည့်သည်ရော အိမ်ရှင်ပါမကျန် လှလှပပဝတ်စားဆင်ယင်ပြီး ရွာလုံးကျွတ်စုစည်း၍ ပွဲတော်ကျင်းပမည့် ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ပစ္စည်းများနှင့်အတူ မီးကြာခွက်ကိုင်၍သွားကြသည်။

ပွဲတော်ကျင်းပသော ကျေးရွာခံလူငယ်များကလည်း ကြည့်မှန်ချပ်ကြီးများ၊ သနပ်ခါးရည်ဘူးများ၊ သနပ်ခါးတို့ဖတ်များ၊ ဖယောင်းတိုင်များ၊ မီးကြာများကို နံနက်ပိုင်းကပင် ကြိုတင်ပြင်ဆင်စုဆောင်းထားကြသည်။ ညနေခင်းပွဲစချိန်တွင် ကျေးရွာခံလူပျိုနှစ်ယောက်က ကြည့်မှန်ချပ်ကြီးအား တစ်ဖက်စီကိုင်၍ ထောင်ထားကြသည်။ ကျေးရွာခံအပျိုနှစ်ယောက်ကမူ သနပ်ခါးဘူး၊ သနပ်ခါးတို့ဖတ်များကိုင်ဆောင်၍ ကြည့်မှန်ချပ်ကိုင်ထားသော လူပျိုနှစ်ယောက်၏ဘေးတွင် နေရာယူထားကြသည်။ ပွဲတော်ကျင်းပသည့်နေရာအား အလင်းရောင်ရရှိပြီး လှပစေရန်အတွက် လူပျိုနှစ်ယောက်ကိုင်ထားသော ကြည့်မှန်ချပ်ကြီးများ ပေါင်ပေါ်တွင် ဖယောင်းတိုင်ကြီးများကို ထွန်းညှိထားကြသည်။ ဖယောင်းတိုင်မီးများဖြင့်လှပနေသော မီးမှန်တန်းကြီးများမှာ ရွာဦးဘုန်းတော်ကြီးကျောင်း ကျောင်းမုခ်ဝမှ ကျောင်းလှေကားအတက်ထိပင်ဖြစ်သည်။

ပွဲတော်တွင် ပါဝင်ဆင်နွှဲသည့် ဧည့်ပရိသတ်များကလည်း ကျေးရွာခံလူငယ်များ စီစဉ်ပြုလုပ်ပေးထားသော မီးကြာခွက်ကိုကိုင်လျက် မှန်တန်းရှည်ကြီးကို ဖြတ်ကျော်ရသည်။ မီးကြာခွက်ကိုင်၍ ရောက်ရှိလာသော ဧည့်သည်များကို ကျေးရွာခံလူပျို၊ အပျိုများက အသင့်စောင့်ကြိုကာ ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောဆိုခြင်း၊ သနပ်ခါးတို့ဖတ်များဖြင့် ပါးတစ်ဖက်တစ်ချက်ကို တို့ပေး၊ လိမ်းခြယ်ပေးခြင်းများပြုလုပ်ကြသည်။ ထိုအခါ မှန်တစ်ချပ်ကိုင်ဆောင်ထားသော လူပျိုနှစ်ယောက်က မှန်ဖြင့်ဆီးတား၍ အတို့ခံရသော ပါးပြင်ပေါ်ရှိသနပ်ခါးကို ညီညာလှပအောင် ပြင်ဆင်စေသည်။ ပါးပြင်ပေါ်ရှိ သနပ်ခါးများ ပြင်ဆင်ပြီးပါက ဆီးတားထားသောမှန်ကို အသာလေး မပေးလိုက်လေသည်။ ဆက်သွားသောအခါ နောက်တစ်ကြိမ် သနပ်ခါးပါးတို့ခံရပြီး မှန်ချပ်ကိုင် အမျိုးသားနှစ်ယောက်က ဆီးတားပြန်သည်။ ထိုအခါ ခေတ္တရပ်နားပြီး မှန်ကြည့်၍ ပြင်ဆင်ရပြန်သည်။ ထိုကဲ့သို့သော သနပ်ခါးပါးတို့ခံရင်း၊ ပါးပြင်ပေါ်ရှိ သနပ်ခါးပြုပြင်ရင်း၊ နောက်တစ်ကြိမ် ပါးတို့ခံရင်း၊ ပြုပြင်ရင်းများဖြင့် မှန်တန်းရှည်ကြီးကို ကျော်ဖြတ်ရသည်။ ဆက်လက်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်း ဆောက်လုပ်ထားသည့် ဝင်္ကပါပတ်လမ်းအတိုင်းလှည့်လည်ပြီး ဝင်္ကပါအလယ်ရှိ မြတ်စွာဘုရားထံ မီးကြာဆီမီးကို ကပ်လှူပူဇော်ကြသည်။ ထို့နောက် ဘုန်းတော်ကြီးကျောင်းဗိမာန်တော်ထဲတွင် မြတ်စွာဘုရားကိုရည်မှန်း၍ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ကပ်လှူပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**အိမ်ရှင်တို့၏ချစ်ခင်ကြင်နာမှုကိုပြသ**

သနပ်ခါးပါးတို့ပွဲကျင်းပရာတွင် ကျေးရွာရှိ လူငယ်(လူပျို အပျို)များ၏ လူအင်အားအနည်းအများအပေါ်မူတည်ပြီး မှန်တန်းပေါင်း ၂၀ မှ ၅၀ ကျော်အထိ ထည့်သွင်းကျင်းပလေ့ရှိကြသည်။ ယောနယ်ဒေသတွင် အိမ်ရှင်တို့က ဧည့်သည်အားစနောက်ခြင်းသဘောမျိုးဖြစ်ပြီး သနပ်ခါးပါးတို့ပွဲသည် အိမ်ရှင်တို့၏ ချစ်ခင်ကြင်နာမှုကိုပြသသော ရိုးရာဓလေ့ပွဲတော်တစ်ခုလည်း ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

❖ **ယောနယ်ဒေသ၌ကျင်းပသော သနပ်ခါးပါးတို့ပွဲတွင် ယောနယ်သူ ယောနယ်သားများအပြင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ၊ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်နှင့် ကန်ပက်လက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ ပေါက်နှင့် ကမ္မ စသည့် မြို့နယ်များမှပါ ပါဝင်ဆင်နွှဲလေ့ရှိကြပြီး လူငယ်များအကြား ချစ်ခင်စည်းလုံးမှုအပြည့် ပေးစွမ်းနိုင်သော ပွဲတော်အဖြစ် မြိမ့်မြိမ့်သဲစည်ကားသလို ယဉ်ကျေးပျူငှာစွာကျင်းပရသော ပွဲတော်တစ်ခုလည်းဖြစ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ MSME ထုတ်ကုန်များ ရောင်းချနေမှုနှင့် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာထားရှိမှု ကြည့်ရှုစစ်ဆေး




**နေပြည်တော်  အောက်တိုဘာ ၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် တည်းခိုရေးစခန်း၌ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ နေပြည်တော်၏ ဒေသထွက်ကုန်များ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်စေရန် ခင်းကျင်းရောင်းချထားသည့် နေပြည်တော်ဒေသထွက်ကုန်နှင့် လက်ဆောင်ပစ္စည်း အရောင်းဆိုင်၊ မြန်မာ့ဆေးဝါးလုပ်ငန်း (BPI) ဆေးဝါးအရောင်းဆိုင်၊ ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးအတွက် လက်လီလက်ကား ရောင်းချသူများနှင့် ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာနှင့် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်သို့ သွားရောက်ပြီး ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့ အခြေခံမဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှု၊ ဒေသခံပြည်သူများက မဲစာရင်းလာရောက်ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးနေမှု၊ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းတောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများတွေ့ရှိပါက ပုံစံ(၄) ဖြင့် ကန့်ကွက်နိုင်ရေး၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများမှ လိုအပ်သောပုံစံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် (၁၀၅) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့်အတူ ပျဉ်းမနားမြို့နယ် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ စံကျောင်းတော် ဓမ္မာရုံ၌ ကျင်းပသည့် ပျဉ်းမနားမြို့ (၁၀၅) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲအတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် (၁၀၅) ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်**

နေပြည်တော် ပျဉ်းမနားမြို့တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တိုင်း ကျင်းပသည့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲသည် နှစ်စဉ်စည်ကား သိုက်မြိုက်စွာကျင်းပမြဲဖြစ်ပြီး ရပ်နီး၊ ရပ်ဝေးရှိပြည်သူအများ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် အထူးစည်ကားလှသည့် ဘာသာရေးပွဲတော်တစ်ခုဖြစ်ကာ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ပွဲကို ရုပ်ပွားတော်များ ပင့်ဆောင်အပူဇော်ခံမည့် အလှပြယာဉ်များတွင် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ပြီး မြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ကျောက်မဲမြို့နယ်၌ ယာယီပြည်သူ့ဆေးရုံဖွင့်လှစ်၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၇**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ အောက်တိုဘာ ၅ ရက်မှစတင်၍ ယာယီဆေးရုံဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် လူနာများ လက်ခံကုသပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ လာရောက်ကုသမှု ခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ ပြင်ပလူနာ ၁၆၅ ဦးနှင့် အတွင်းလူနာ လေးဦးကို လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

**ပြန်လည်အားဖြည့်ဆောင်ရွက်**

ကျောက်မဲမြို့ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့်လည်း ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ပြန်လည်အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

မီးကြာလှည့်ပြီး မြတ်စွာဘုရားထံ ဆီမီး၊ အမွှေးနံ့သာကပ်လှူပူဇော်ခြင်းသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများအတွက် အထွတ်အမြတ် ပူဇော်ပွဲဖြစ်သည်။ ထိုပူဇော်ပွဲတွင် ယောဒေသ၏ဓလေ့တစ်ခုအဖြစ် သနပ်ခါးပါးတို့ပွဲ ထည့်သွင်းကျင်းပနေမှုမှာ ထူးဆန်းပြီး ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှပါသည်။ မှန်ရောင်စက္ကူဖြင့် ဖန်တီးပြုလုပ်ထားသော မီးကြာခွက်တွင် ကြာခွက်လေးခုပါရှိသည်။ ထိုလေးခု၏ အလယ်ဗဟိုတွင် ကြာဖူးတစ်ခုပါရှိပြီး ကြာခွက်လေးခုစီတိုင်းတွင် ဖယောင်းတိုင်ထွန်းညှိထားရသည်။ ကြာခွက်လေးခု၏ အဓိပ္ပာယ်မှာ ပွင့်တော်မူပြီးသော မြတ်စွာဘုရားလေးဆူကို ရည်ညွှန်းခြင်းဖြစ်ပြီး အလယ်ဗဟိုရှိကြာဖူး၏ အဓိပ္ပာယ်မှာ ပွင့်တော်မူမည့် မြတ်စွာဘုရားအား ရည်ညွှန်းခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။ အဆိုပါ မီးကြာခွက်ကိုကိုင်ဆောင်၍ မြတ်စွာဘုရားအား ဆီမီးပူဇော်ခြင်းမှာ နောင်ပွင့်တော်မူမည့် မြတ်စွာဘုရားအားဖူးတွေ့နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပြီး "ကုသိုလ်ပြုလုပ်ကြိုးစားကြပါ၊ မကောင်းမှုရှောင် ကောင်းမှုဆောင်ကြပါ"ဟု တိုက်တွန်းသည့်သဘောလည်းဖြစ်ကြောင်း ယောနယ်သူ ယောနယ်သားများက လက်ခံယုံကြည်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြခြင်းပင်ဖြစ်သည်။

**တန်ဖိုးထားမြတ်နိုးထိန်းသိမ်း**

ယောနယ်ဒေသ၌ကျင်းပသော သနပ်ခါးပါးတို့ပွဲတွင် ယောနယ်သူ ယောနယ်သားများအပြင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ၊ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်နှင့် ကန်ပက်လက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ ပေါက်နှင့်ကမ္မ စသည့် မြို့နယ်များမှပါ ပါဝင်ဆင်နွှဲလေ့ရှိကြပြီး လူငယ်များအကြား ချစ်ခင်စည်းလုံးမှုအပြည့် ပေးစွမ်းနိုင်သော ပွဲတော်အဖြစ် မြိမ့်မြိမ့်သဲစည်ကားသလို ယဉ်ကျေးပျူငှာစွာကျင်းပရသော ပွဲတော်တစ်ခုလည်း ဖြစ်ပါသည်။ ယောဓလေ့သနပ်ခါး ပါးတို့ပွဲကို ယနေ့တိုင် မြန်မာနိုင်ငံအလယ်ပိုင်း ဂန့်ဂေါခရိုင်အတွင်းရှိ ယောနယ်ဒေသများတွင် ကျင်းပလေ့ရှိကြသလို တေးသီချင်းများ၊ တိုင်းရင်း သားရိုးရာပြပွဲများဖြင့် သနပ်ခါးပါးတို့ပွဲကို တန်ဖိုးထားမြတ်နိုးထိန်းသိမ်းကြသည်ကိုလည်း တွေ့ရပါသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်နှင့်အတူ ကျင်းပသော သနပ်ခါးပါးတို့ပွဲနှင့် မီးကြာလှည့်ပွဲသည် ယောနယ်ဒေသရှိ လူငယ်၊ လူလတ်၊ လူကြီးများ သိုက်သိုက်ဝန်းဝန်းဖြင့် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြသည့် ပွဲတော်မျိုးဖြစ်သောကြောင့် စည်းလုံးညီညွတ်ခြင်း၏သရုပ်ကို ဖော်ထုတ်ပြသရာလည်းရောက်ပါသည်။ ထိုသို့ချစ်စဖွယ်ကောင်းပြီး တစ်နှစ်မှာတစ်ကြိမ်သာ ကျင်းပပြုလုပ်ခွင့်ရသည့် ယောဓလေ့သနပ်ခါးပါးတို့ပွဲ တိမ်ကောပပျောက်မှု မရှိစေရေးနှင့် ရေရှည်တည်တံ့နိုင်ရေး မျိုးဆက်သစ်လူငယ်များအနေဖြင့် တန်ဖိုးထားကာ လက်ဆင့်ကမ်းထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်းများ**


၁။ စောကြူမောင်(ယောမြေ)၊တောင်သား (သို့မဟုတ်) ရေမြေကိုအောင်နိုင်သူ၊ ၁၉၉၄ ခုနှစ်၊ စာပေဗိမာန်စာမူဆုရ သုတပဒေသာ(ဝိဇ္ဇာ) တတိယဆု၊
၂။ ခင်ခင်ထူး၊ ချစ်ဖွယ်ပေါ်တဲ့ ယောသူတို့ရွာ၊ ရတီစာပေအနုပညာမဂ္ဂဇင်း။
၃။ တင်လတ်ယု၊ ပခုက္ကူ-မြိုင်-ရှင်မတောင်ဒေသ သနပ်ခါးကွင်းဆင်းသုတေသနအစီရင်ခံစာ၊ ၂၀၁၇ခုနှစ်
၄။ သာထွန်းငြိမ်း(ပခုက္ကူ)၊ ယောဓလေ့ မီးကြာလှည့်လည်ပွဲနှင့် သနပ်ခါးပါးတို့ပွဲ၊
၅။ ဆရာစော(မန်းတက္ကသိုလ်)၊ ဆောမြို့ပွဲတော်အကြောင်း၊ Friendship Family World Facebook Page၊
၆။ ကျော်ဇင်သန်း၊ ယောဓလေ့ပွဲတော် သနပ်ခါးပါးတို့ပွဲအကြောင်း သိကောင်းစရာ၊ My Knowledge-MT Facebook Page
၇။ သန်းမြင့်ဝေဝေ၊ ရိုးရာဓလေ့နှစ်စဉ်ဆင်နွှဲ
၈။ ယောဓလေ့ပွဲတော်ဖြစ်သည့် ဂန့်ဂေါခရိုင် ဆောမြို့နယ်သနပ်ခါးပါးတို့ပွဲ၊ မြန်မာ့အလင်းသတင်းစာ၊

# အနုပညာကို ချစ်မြတ်နိုးတဲ့အတွက် ဆုတံဆိပ်တွေ ရှေ့နှစ်မှာမရခဲ့လို့ဆိုပြီး စိတ်ဓာတ်ကျသွားတာမျိုးမဖြစ်ဘဲ လူငယ်တွေအနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အသိစိတ်က မဟာဂီတကို ပိုပြီးမြတ်နိုးတန်ဖိုးထားတတ်လာ

မောင်ကောင်းခန့်ကျော်


မောင်ကောင်းခန့်ကျော်


မောင်စစ်နိုင်


ဆိုင်းဖိုးချစ်(ခ)နိုင်ပြည့်အောင်


မောင်လင်းပြည့်ဖြိုးမောင်


မကြည်ကြည်သာ


မောင်စွမ်းထက်အောင်(ခ) သက်နိုင်ဦး


မောင်အောင်ဘိုဘို(၂)


မအိအိဖြိုးဇင်

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်၊ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ အသီးသီးယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်–

**မောင်ကောင်းခန့်ကျော်**
**ကယားပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအဆို(မဟာဂီတ)**

ကယားပြည်နယ်ကနေ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ကျွန်တော့်အကြိုက်ဆုံးသီချင်းဖြစ်တဲ့ သာဆန်းရဂုံဘွဲ့(ပတ်ပျိုး)သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဗဟိုအဆင့်ပြိုင်ပွဲကြီးကို (၂၄) ကြိမ်၊ (၂၅) ကြိမ်မြောက်နဲ့ ဒီနှစ် (၂၆) ကြိမ်မြောက်မှာပါ သုံးကြိမ်အထိ ယှဉ်ပြိုင်ခဲ့ဖူးပါပြီ။ ရှေ့နှစ်တွေမှာ ဆုတွေ မရရှိခဲ့သေးပါဘူး။ ဆုမရရှိခဲ့တဲ့အတွက် အမှားတွေကို သင်ခန်းစာယူပြီး ဒီနှစ်မှာ အကောင်းဆုံး ယှဉ်ပြိုင်ခဲ့ပါတယ်။ မဟာဂီတကို သီဆိုနေရရင်ပဲ ကျွန်တော့်အတွက်က ပျော်ရွှင်တဲ့ ခံစားချက်တွေ ဖြစ်ပေါ်စေပါတယ်။ အနုပညာကို ချစ်မြတ်နိုးတဲ့အတွက် ဆုတံဆိပ်တွေရှေ့နှစ်မှာ မရခဲ့လို့ဆိုပြီး စိတ်ဓာတ်ကျသွားတာမျိုးမဖြစ်ဘဲ လူငယ်တွေအနေနဲ့ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အသိစိတ်က မဟာဂီတကို ပိုပြီး မြတ်နိုးတန်ဖိုးထားတတ်လာပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုတာ ရေပေါ်ဆီတေးသီချင်းတွေလိုမျိုးမဟုတ်ပါဘူး။ အနှစ်သာရအများကြီးရှိတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ မဟာဂီတကနေစပြီး ကာလပေါ်တွေ ဒီနေ့ခေတ်အထိ မျိုးဆက်သစ်တွေ နားယဉ်လာအောင် ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်တွေကနေ လွှင့်ပေးနေတာဖြစ်တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ တစ်ချိန်ချိန်ကြရင် မျိုးဆက်သစ်လူငယ်တွေကို ကျွန်တော့်အနေနဲ့ သင်ကြားပေးတာ၊ ပြသပေးတာတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မောင်စစ်နိုင်**
**မွန်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအဆို (ခေတ်ဟောင်း၊ ကာလပေါ်)**

ဒီနှစ်ပြိုင်ပွဲကြီးမှာ ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း (စန္ဒရားထွန်းညွန့်) သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ လေ့ကျင့်တဲ့အခါ ဆရာတွေရဲ့သွန်သင်မှုအောက်မှာ အသံအနေအထားအမျိုးမျိုးကို စနစ်တကျနဲ့သင်ယူလေ့ကျင့်ပြီး ဒီနေ့ ဒီနေရာ ဒီပြိုင်ပွဲကြီးကို အကောင်းဆုံး ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲအတွက် သီချင်းလေးပုဒ်လေ့ကျင့်ရပါတယ်။ ဖြောသံ၊ ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း၊ မဟာဗန္ဓုလ၊ အလွမ်းပြေအမေ့စာဆိုတဲ့ သီချင်းလေးပုဒ်ဖြစ်ပါတယ်။ အဲဒီထဲက ရိပ်မြိုင်ရေချမ်းမေတ္တာစမ်းသီချင်းက ပြိုင်ပွဲမှာ ဒီသီချင်းနဲ့ ယှဉ်ပြိုင်ချင်ခဲ့တာပါ။ ကျွန်တော်ဆုတောင်းတဲ့ အတိုင်းလည်း ဒီသီချင်းနဲ့ ယှဉ်ပြိုင်ခွင့်ရခဲ့ပါတယ်။ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြိုင်ပွဲဝင်တွေလည်း သီဆိုကြတာ တော်ကြပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှာ ကျော်ဖြတ်ပြီး ဗဟိုကို ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲဝင်တွေဖြစ်တဲ့အတိုင်း အားလုံးက တော်ကြပါတယ်။ ဒီပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံးလည်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ တွေ့ဆုံခွင့်ရကြပါတယ်။ ဒါက ဒီပြိုင်ပွဲကြီးက ရရှိလာတဲ့ အကျိုးအမြတ်တွေလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီထက်မကတဲ့ အကျိုးအမြတ်ကတော့ ကမ္ဘာတည်သရွေ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေလည်း ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲကြီးတွေကနေ တည်ရှိနေအောင် ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။

**ဆိုင်းဖိုးချစ်(ခ)နိုင်ပြည့်အောင်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအတီး(အသက်၁၀–၁၅)**
**ဆိုင်းတစ်ဦးချင်း**

အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ လေ့ကျင့်ခဲ့တဲ့အထဲမှာမှ အပိုင်နိုင်ဆုံးထဲက သီချင်းနဲ့ ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့အတွက် ကျေနပ်အားရပါတယ်၊ ကျွန်တော်က တစ်ဦးချင်းရော အဖွဲ့လိုက်မှာပါ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်၊ မန္တလေးနဲ့ စစ်ကိုင်းကလည်း ကောင်းကြတဲ့အတွက် ဆုရဖို့ ပိုပြီးကြိုးစားလေ့ကျင့်ခဲ့ပါတယ်။

**မောင်လင်းပြည့်ဖြိုးမောင်**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအတီး(အသက်၁၀–၁၅)**
**ဆိုင်းတစ်ဦးချင်း**

ယှဉ်ပြိုင်ရမယ့်သီချင်းက အပိုင်နိုင်ဆုံး လေ့ကျင့်ထားတဲ့အထဲ ပါပါတယ်၊ ရောဝတီနဲ့ မန္တလေးတိုင်းဒေသကြီးကလည်း ကောင်းကြတဲ့အတွက် အကောင်းဆုံး ယှဉ်ပြိုင်ဘက်ဖြစ်မယ်လို့ ထင်ပါတယ်၊ (၂၃) ကြိမ်မြောက် အဖွဲ့လိုက်ယှဉ်ပြိုင်တုန်းက တတိယဆုရရှိခဲ့ဖူးပါတယ်၊ နှစ်ကြိမ်မြောက် လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မကြည်ကြည်သာ**
**မွန်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအတီး(ဆိုင်းတစ်ဦးချင်း)**

အရင်က (၆) တန်းလောက်ထိ ရန်ကုန်မှာ ကတည်းက ပြိုင်ခဲ့ဖူးပါတယ်၊ အခု နည်းပညာတက္ကသိုလ်တက်မှ ထပ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ ရန်ကုန်မှာ ကြေးနှစ်ဆုရခဲ့ပြီး နေပြည်တော်မှာ ငွေနှစ်ဆုရပြီးပါပြီ၊ ဒီနှစ်တော့ ရွှေမှန်းထားပြီး မုံရွာထိကိုသွားပြီး သင်ယူခဲ့ပါတယ်၊ ဆက်လက်ပြီးတော့လည်း အခြားဘာသာရပ်တွေကို ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**မောင်စွမ်းထက်အောင်(ခ)သက်နိုင်ဦး**
**ကရင်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအတီး (ဆိုင်းတစ်ဦးချင်း)**

မဲကျတဲ့ သီချင်းကတော့ ပိုင်ပိုင်နိုင်နိုင်လေ့ကျင့်ထားခဲ့တာ ဖြစ်ပါတယ်၊ ကိုယ်တိုင်ပြိုင်တာကတော့ အခု ပထမဆုံးပါ၊ အရင်က ပံ့ပိုးအဖြစ် နှစ်ကြိမ်လိုက်တီးခဲ့ပါတယ်၊ အခုလို ပညာချင်းဖလှယ်ရတဲ့ပွဲကို အလွန်သဘောကျပါတယ်၊ စီစဉ်ပေးတဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်မိပါတယ်။

**မောင်အောင်ဘိုဘို(၂)**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**
**အဆင့်မြင့်ပညာအတီး (ဆိုင်းတစ်ဦးချင်း)**

မနှစ်က စပြိုင်ခဲ့ပါတယ်၊ ဆိုင်းအဖွဲ့လိုက် အိုးစည်ဒိုးပတ်မှာ ရွှေ ၃ ခု၊ ဆိုင်းတစ်ဦးချင်းမှာ ငွေတစ်ခုရခဲ့ပါတယ်၊ ဒီနှစ်တော့ ရွှေဆုရအောင် အများကြီး အချိန်ပေးပြီး ကြိုးစားထားပါတယ်၊ ဆိုင်းဆရာတစ်ယောက်ဖြစ်ဖို့က ဆိုင်းဝိုင်းထဲက တူရိယာတွေကို အကုန်တီးတတ်မှ ဖြစ်တာကြောင့် အကုန်လုံးတီးတတ်အောင် သင်ယူထားပါတယ်။

**မအိအိဖြိုးဇင်**
**ကချင်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအက**

ပြိုင်ခဲ့တာ ဒီနှစ်နဲ့ဆို သုံးကြိမ်ရှိပါပြီ၊ ဒီနှစ်အတွက်တော့ အကောင်းဆုံး အစွမ်းကုန်ပြင်ဆင်လေ့ကျင့်ထားပါတယ်၊ ပြိုင်ပွဲဝင်ဖို့အတွက်ပဲ သီးသန့်လေ့ကျင့်ခဲ့တာကြောင့် အများကြီး ရင်ခုန်စိတ်လှုပ်ရှားမိပါတယ်။

*စာမျက်နှာ ၁၃ သို့*

# မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊

❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊


မောင်သူရိန်ဇော်


မောင်ကျော်ဆန်းလင်း


မောင်ဟိန်းဝေဖြိုး


မောင်သူဆက်အောင်

*စာမျက်နှာ ၁၂ မှ*

**မောင်သူရိန်ဇော်**
**တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအက (အသက် ၁၅-၂၀)**

ပထမဆုံး ဇဟိုမှာ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်၊ ယှဉ်ပြိုင်ခဲ့တဲ့နေရာမှာ အများကြီးအားရ ကျေနပ်ပါတယ်၊ ၅ လပိုင်းလောက်ကတည်းက အကကို လေ့ကျင့်ခဲ့တာဖြစ်ပါတယ်၊ ဒီမှာလာရောက်ပြီး ယှဉ်ပြိုင်ရတဲ့အတွက် အများကြီးဝမ်းသာမိပါတယ်။

**မောင်ကျော်ဆန်းလင်း**
**ကချင်ပြည်နယ်ကိုယ်စားပြု**
**အခြေခံပညာအက (အသက် ၁၅-၂၀)**

အရင်နှစ်ကတည်းက ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်၊ ဆုမရခဲ့ပေမယ့်လည်း ကိုယ့်ထက်တော်တဲ့သူတွေ ဆုရကြလို့ ကျေနပ်ခဲ့ပါတယ်၊ ဒီနှစ်အတွက်တော့ အကောင်းဆုံးလေ့ကျင့်ခဲ့ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်၊ ကချင်ပြည်နယ်ဂုဏ်ကိုဆောင်နိုင်ဖို့လည်း အကောင်းဆုံး ပြင်ဆင်ထားပါတယ်။

**မောင်ဟိန်းဝေဖြိုး**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအက (အသက် ၁၅-၂၀)**

အခုလာရောက်ယှဉ်ပြိုင်တာက သုံးကြိမ်မြောက် ဖြစ်ပါတယ်၊ ဆုတော့ မရခဲ့သေးပေမယ့် ဒီနှစ်အတွက်တော့ အကောင်းဆုံးပြင်ဆင်ထားပါတယ်၊ နှစ်လသုံးလလောက်ကို ကြိုပြီးလေ့ကျင့်ခဲ့ပါတယ်၊ ကိုယ့်တိုင်းအတွက် အကောင်းဆုံးဂုဏ်ဆောင်နိုင်ချင်ပါတယ်၊ ကျောင်းပြီးသွားရင် အနုပညာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သွားဖို့ ရည်ရွယ်ထားပါတယ်။

**မောင်သူဆက်အောင်**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအက (အသက် ၁၅-၂၀)**

မနှစ်ကလည်း ပြိုင်ခဲ့ဖူးပါတယ်၊ နေပြည်တော်လည်း ရောက်ခဲ့ဖူးပါတယ်၊ မနှစ်က ဆုတော့မရခဲ့ဘူး၊ ဒီနှစ်တော့ ဆုရဖို့ ရည်မှန်းထားပါတယ်၊ အများကြီးလည်း ပြင်ဆင်ထားခဲ့ပါတယ်၊ လက်ရှိမှာ အနုပညာကျောင်းတက်နေပြီး ရှေ့ဆက်၍ ဘိုးဘွားတွေထားခဲ့တဲ့ ဆိုငိုပြော အနုပညာတွေကို လက်ဆင့်ကမ်းသွားမှာ ဖြစ်ပါတယ်။


မင်းထောရွှတ်ပိုင်


မောင်ဝေဘုန်းလျှံ


မောင်ဟိန်းလင်းမာန်သွေး

**မင်းထောရွှတ်ပိုင်**
**ချင်းပြည်နယ်ကိုယ်စားပြု**
**အခြေခံပညာအက(အသက် ၁၅-၂၀)**

အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ အချိန်ပေးပြီး လေ့ကျင့်ခဲ့ပါတယ်၊ ဆုရရှိအောင်လည်း ကကွက်တွေကို အကောင်းဆုံးပြင်ဆင်ခဲ့ပါတယ်၊ အခုလို လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် အများကြီးရင်ခုန်ရပြီး စိတ်လှုပ်ရှားမိပါတယ်။ စီစဉ်ပေးသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ဝေဘုန်းလျှံ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**
**အခြေခံပညာအက (အသက် ၁၅-၂၀)**

အခုလို လာရောက်ယှဉ်ပြိုင်ရတာကြောင့် ရင်ခုန်ရသလို စိတ်လည်းလှုပ်ရှားမိပါတယ်၊ အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့အတွက်လည်း ပြင်ဆင်ထားပါတယ်၊ အခြားတိုင်းဒေသကြီး ပြည်နယ်တွေက ကိုယ့်လိုအကပြိုင်ပွဲဝင်တွေနဲ့ ဆုံတွေ့ရတာလည်း ပျော်စရာကောင်းပြီး ကျေနပ်ပီတိဖြစ်ရပါတယ်။

**မောင်ဟိန်းလင်းမာန်သွေး**
**ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအက(အသက် ၁၀-၁၅)**

မနှစ်က အထူးဆုရရှိခဲ့ပါတယ်၊ ဒီနှစ်အတွက်တော့ တစ်လလောက် ကြိုပြီး လေ့ကျင့်ခဲ့ပါတယ်၊ လာပြိုင်ရတဲ့အတွက် ပျော်ပါတယ်၊ ကရတာကို ဝါသနာပါလို့ အခုလို လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။


စောသိန်းမင်းထက်


မောင်မင်းသန့်ဖြိုး

**စောသိန်းမင်းထက်**
**မွန်ပြည်နယ်ကိုယ်စားပြု**
**အခြေခံပညာအက (အသက် ၁၀-၁၅)**

ဒီနှစ်မှ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်၊ အများကြီးပြင်ဆင်ထားပါတယ်၊ နောက်နှစ် ၅ တန်းဆိုတော့ အစိုးရစစ်စာမေးပွဲကြောင့် နောက်နှစ်မှာမှ ဆက်ပြီး ဝင်ပြိုင်မှာဖြစ်ပါတယ်၊ အခုလို လာပြီး ယှဉ်ပြိုင်ရလို့ ပျော်ပါတယ်၊ ရင်လည်းခုန်ပါတယ်။

**မောင်မင်းသန့်ဖြိုး**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအက(အသက် ၁၀-၁၅)**

မနှစ်ကလည်း ပြိုင်ခဲ့ပါတယ်၊ ဒီနှစ်အတွက် အများကြီးပြင်ဆင်ထားပါတယ်၊ ဆက်လက်ပြီးလည်း ဝင်ရောက် ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်၊ ဒီအကပညာရပ်ကို ၅ နှစ်သားကတည်းက ဝါသနာပါခဲ့တာ ဖြစ်ပါတယ်။

**သတင်းအဖွဲ့**

# အစ္စရေးနှင့် ဟားမားစ်တို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် မကြာမီရရှိမည်ဟု ယုံကြည်ကြောင်း အမေရိကန်သမ္မတပြော

ဝါရှင်တန် အောက်တိုဘာ ၇

**အချက် ၂၀ပါ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို အခြေခံ၍ အစ္စရေးနှင့် ဟားမားစ်တို့သည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်တစ်ခု မကြာမီရရှိနိုင်မည်ဟု ယုံကြည်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။**

မိမိတို့တွင် သဘောတူညီချက်တစ်ခုပြုလုပ်ရန် ကောင်းမွန်သည့်အခွင့်အလမ်းတစ်ခုရှိပြီး ၎င်းသည် ရေရှည်ခိုင်မြဲသည့် သဘောတူညီချက်တစ်ခုဖြစ်လိမ့်မည်ဖြစ်ကြောင်း မစ္စတာ ထရမ့်က အောက်တိုဘာ ၆ ရက်တွင် သတင်းထောက်များကို ပြောကြားလိုက်သည်။ ဟားမားစ်က ကျေနပ်စွာတုံ့ပြန်ခဲ့ပြီး ယင်းပုံစံအတိုင်း ဆက်လက်တည်ရှိနေဦးမည်ဟုလည်း ၎င်းက ပြောကြားသည်။

အစ္စရေးနှင့် ဟားမားစ်တို့သည် အီဂျစ်တွင် အောက်တိုဘာ ၆ ရက်က သွယ်ဝိုက်ဆွေးနွေးမှုများ စတင်ခဲ့သည်။ အီဂျစ်သည် အစ္စရေးနှင့် ဟားမားစ်တို့ကြား စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ဓားစာခံများလွှတ်ပေးရေး၊ အစ္စရေးတပ်ဖွဲ့ တချို့တဝက် ဆုတ်ခွာပေးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးမည်ဟု ယုံကြည်ရသည်။

ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နေသော်လည်း လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် လူ ၂၁ ဦးသေဆုံးခဲ့သည်ဟု ဂါဇာကျန်းမာရေးအရာရှိများက စက်တင်ဘာ၆ရက်တွင် ပြောကြားလိုက်သည်။

ဟားမားစ်က အစ္စရေးကို အကြီးအကျယ်စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၁၂၀၀ ခန့်သေဆုံးပြီး တခြား ၂၅၀ ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်မှာ အောက်တိုဘာ ၇ ရက်ဆိုလျှင် နှစ်နှစ်ပြည့်ပြီဖြစ်သည်။ ဟားမားစ်တို့သည် ဓားစာခံ ၄၈ ဦးကို မလွှတ်ပေးသေးကြောင်း သိရသည်။




အစ္စရေးသည် ဂါဇာ၌ စစ်ဆင်ရေးများဆောင်ရွက်ခြင်းကြောင့် လူဦးရေ ၆၇၀၀၀ ကျော်သေဆုံးခဲ့သည်။ ထို့ပြင် အာဟာရချို့တဲ့မှုနှင့် အခြားအချက်များကြောင့် လူပေါင်း ၄၆၀ သေဆုံးခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် ဂါဇာကမ်းမြောင်ဒေသသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

အင်န်အိတ်ချ်ကေ

# နီပေါနှင့် အိန္ဒိယနိုင်ငံတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမြေပြိုမှုများကြောင့် လူဒါဇင်နှင့်ချီသေဆုံး

**ခတ္တမန္ဒူ အောက်တိုဘာ ၇**

နီပေါနှင့် အိန္ဒိယနိုင်ငံတို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့ပြီး လူဒါဇင်နှင့်ချီ၍ သေဆုံးခဲ့သည်။

အောက်တိုဘာ ၄ ရက်ကတည်းက ခတ္တမန္ဒူအပါအဝင် နီပေါနိုင်ငံ ဒေသအများအပြား၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

နီပေါနိုင်ငံ သဘာဝဘေးအန္တရာယ် အာဏာပိုင်အဖွဲ့က မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လူ ၄၆ ဦး ထက်မနည်း သေဆုံးခဲ့ပြီး ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ အမြောက်အမြား ပျောက်ဆုံး လျက်ရှိကြောင်း ပြောကြားခဲ့သည်။



ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ သို့သော်လည်း လမ်းတံတားများနှင့် အိမ်များ ရေလွှမ်းမိုးနစ်မြုပ် လျက်ရှိသောကြောင့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်ကြုံလျက်ရှိကြောင်း သိရသည်။

မြစ်ရေ ဆက်လက်မြင့်တက်လာနိုင်သောကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရန် နီပေါအစိုးရက တိုက်တွန်းထားသည်။

အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ မြေပြိုခြင်းနှင့် တခြား သဘာဝဘေး အန္တရာယ်များကြောင့် အနောက်ဘင်္ဂလားပြည်နယ် ဒါဂျီလင်၌ လူ ၂၀ ခန့် သေဆုံးခဲ့ကြောင်း ဒေသမီဒီယာတွင် ဖော်ပြသည်။

တောင်အာရှတွင် မိုးရာသီသည် ဇွန်လမှ စက်တင်ဘာလအထိ ဖြစ်သည်။ ဒေသတွင်းနိုင်ငံများတွင် မကြာသေးမီနှစ်များအတွင်း ရေကြီးခြင်းနှင့် တခြား သဘာဝဘေး အန္တရာယ်များကြောင့် ဆိုးရွားသည့် သဘာဝဘေးဒုက္ခများကို နှစ်စဉ်ရင်ဆိုင်နေရသည်။

အင်န်အိတ်ချ်ကေ

# ကမ္ဘာတစ်ဝန်း လူဦးရေ သန်း ၃၀၀ ကျော် အိုးအိမ်မဲ့ဘဝနှင့်နေထိုင်နေရ

**ဂျီနီဗာ အောက်တိုဘာ ၇**

ကမ္ဘာတစ်ဝန်း လူဦးရေ သန်း ၃၀၀ ကျော် အိုးအိမ်မဲ့ဘဝနှင့် နေထိုင်နေရပြီး ရှစ်ဦးလျှင်တစ်ဦး ပုံမှန်မဟုတ်သော ဘဝနေထိုင်မှုပုံစံများနှင့် နေထိုင်နေရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အောက်တိုဘာ ၆ ရက်တွင် ပြောကြားလိုက်သည်။

အောက်တိုဘာ ၆ ရက်တွင် ကျင်းပသည့် ကမ္ဘာ့နေထိုင်ရေးနေ့တွင် လျင်မြန်စွာ မြို့ပြဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာကြီးတွင် ကမ္ဘာ့နိုင်ငံတစ်ဝန်းရှိ မြို့များသည် ယနေ့မျက်မှောက်လောက ကပ်ဘေးများ၏ အကျိုးသက်ရောက်မှုကို ဆိုးရွားစွာ ကြုံတွေ့ခံစားနေရကြောင်း၊ ပဋိပက္ခများ၊ နိုင်ငံရေးမငြိမ်သက်မှုများ၊ ရာသီဥတုအရေးပေါ်အခြေအနေများကြောင့် လူပေါင်း ၁၂၃ သန်း၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာလာကြပြီး ပိုမိုဘေးကင်းလုံခြုံသောနေရာများရှာဖွေလာကြောင်း ဖော်ပြထားသည်။

ဘေးအန္တရာယ်အသစ်များ တိုးလာနေချိန်တွင် တစ်ဖက်တွင်လည်း ကျန်းမာရေး ဝန်ဆောင်မှုများ၊ ရေစနစ်များနှင့် သယ်ယူပို့ဆောင်ရေး ကွန်ရက်များ ချဲ့ထွင်ရန် လိုအပ်ကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။

မြို့ကြီးပြကြီးများသည် နေစရာမရှိသူများအတွက် သင့်တော်သည့် ဖြေရှင်းနည်းများ အမြစ်တွယ်ကြီးထွားလာ သောနေရာများဖြစ်သော်လည်း အသစ်ဝင်ရောက်နေထိုင်သူများသည် စီးပွားရေးကို တွန်းအားပေးလုပ်ဆောင်ရန်၊ လူမှုအသိုင်းအဝိုင်းကို အားကောင်းလာ စေရန်နှင့် ယဉ်ကျေးမှုကြွယ်ဝလာစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆင်ဟွာ




# အမေရိကန်သိပ္ပံပညာရှင် သုံးဦး ၂၀၂၅ ရူပဗေဒနိုဘယ်ဆုချီးမြှင့်ခံရ

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်သိပ္ပံပညာရှင် သုံးဦးဖြစ်သည့် ဂျွန်ကလာ့ခ်၊ မိုက်ကယ်အိတ်ချ်ဒီဗောရက်တ်နှင့် ဂျွန်အမ်မာတီးနစ်တို့ကို ကွမ်တမ်ကမ္ဘာ၏ ဂုဏ်သတ္တိများကို ရှာဖွေတွေ့ရှိမှုအတွက် ၂၀၂၅ ရူပဗေဒနိုဘယ်ဆု ချီးမြှင့်လိုက်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက အောက်တိုဘာ ၇ ရက်တွင် ကြေညာလိုက်သည်။

ချစ်ပ်ပြားပေါ်တွင် ၎င်းတို့၏ စမ်းသပ်မှုသည် ကွမ်တမ်ရူပဗေဒဆိုင်ရာ လုပ်ဆောင်ချက်ကို ထင်ရှားစေသည့်အတွက် ယခုလို နိုဘယ်ဆု ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သိပ္ပံပညာရှင်များ၏ ရှာဖွေတွေ့ရှိမှုသည် ကွမ်တမ်ကွန်ပျူတာများ အပါအဝင် ကွမ်တမ်နည်းပညာ၏နောက်ထပ်မျိုးဆက်သစ်များကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် ကူညီပေးသွားမည် ဖြစ်ကြောင်း အကယ်ဒမီက မှတ်ချက်ပြုပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အမှုဆောင်သစ်များ ရွေးချယ်

**တိုကျို အောက်တိုဘာ ၇**

တာကာအိချီဆာနဲပါတီဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ပြီးနောက် ဂျပန်နိုင်ငံ၏ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ) သည် ၎င်း၏ခေါင်းဆောင်မှုအဖွဲ့သစ်ကို တရားဝင်စတင်လိုက်ပြီဖြစ်သည်။

တာကာအိချီဆာနဲကို လွန်ခဲ့သောသီတင်းပတ်က အယ်လ်ဒီပီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ အောက်တိုဘာ ၇ ရက်တွင် ၎င်းက ပါတီ၏ အမှုဆောင်သစ်များကို ခန့်အပ်ခဲ့သည်။ ခန့်အပ်မှုများကို အထွေထွေကောင်စီအစည်းအဝေးတွင် အတည်ပြုခဲ့သည်။

ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို ၎င်းတို့၏မျှော်လင့်ချက်အိပ်မက်များအဖြစ် ပြောင်းလဲပေးချင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထို့အပြင် အဆိုပါစိတ်ဖြင့် ပိုကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ



# ဘားအံမြို့၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် သံဃပဝါရဏာသိမ်ဆင်းလောင်းလှူပြီး ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကာ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့်စည်ကား



**ဘားအံ အောက်တိုဘာ ၇**

ပြည်နယ်သြဝါဒါစရိယ ဓွဲကပင်တောင်ဆရာတော် ဘဒ္ဒန္တကဝိဓဇ အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့ကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ သံဃပဝါရဏာပြုတော်မူကြရာ ကရင်ပြည်နယ်အစိုးရအဖွဲ့က ဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ သံဃပဝါရဏာသိမ်ဆင်းလောင်းလှူခဲ့ကြသည်။

ဦးစွာ ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သိမ်တော်ကြီးအတွင်း ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သြဝါဒါဆရာတော်ကြီးများ၊ သံဃာတော်များက ပဝါရဏာပြုတော်မူကြပြီး ပဝါရဏာပြုပြီးသည့် ဆရာတော်၊ သံဃာတော်များအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ စေတနာရှင်၊ အလှူရှင်များက သိမ်ဆင်းလောင်းလှူကြရာ စုစုပေါင်း ရဟန်း၊ သံဃာ၊ သာမဏေ ၃၃၈ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ စုပေါင်းလောင်းလှူခဲ့ကြသည်။

ညပိုင်းတွင် ဆီမီး ၉၀၀၀ ဆက်ကပ်ပူဇော်ပွဲကို ဘားအံမြို့ အမှတ်(၁) ရပ်ကွက် သေဋ္ဌမာရ်အောင်ဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရဟန်း၊ ရှင်လူ၊ ခရီးသွားဧည့်သည် ဘုရားဖူးပြည်သူများ ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့၏ အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်သည်နှင့်အညီ ဘားအံမြို့တွင် နံနက်ပိုင်းမှစတင်၍ ကျောင်းတိုက်အသီးသီးသို့ ဥပုသ်သီလခံယူဆောက်တည်ရန်သွားရောက်ကြသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ သံဃပဝါရဏာသိမ်ဆင်းလောင်းလှူပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲတို့တွင် ပါဝင်ဆင်နွှဲကြသူများ၊ မိဘ၊ ဘိုးဘွား၊ ဆရာသမားများအား လိုက်လံကန်တော့ကြသူများ၊ ကျောင်း၊ ကန်၊ ဘုရား၊ စေတီများတွင် မိသားစုအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့များဖြင့်သော်လည်းကောင်း ကောင်းမှုကုသိုလ်ပြုကြသူများ၊ အများပြည်သူဆိုင်ရာနေရာများ(ပန်းခြံ၊ ဈေး၊ ခရီးစဉ်ဒေသများ၊ မုန့်ဈေးတန်းများတွင်) အနားယူအပန်းဖြေကြသူများ၊ ရပ်ကွက်တွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းများ၊ နေအိမ်များတွင် လျှပ်စစ်မီး၊ ဆီမီး၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြသူများဖြင့် အထူးပင်စည်ကားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဘယ်လာရုစ်နိုင်ငံ ဖျော်ဖြေရေးအဖွဲ့ ပြင်ဦးလွင်မြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

**ပြင်ဦးလွင် အောက်တိုဘာ ၇**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ပြင်ဦးလွင်မြို့ရှိ အထင်ကရနေရာများသို့ လှည့်လည်သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့တွင် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ၊ အဆိုရှင်များဖြစ်ကြသည့် Ms. Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva၊ မန်နေဂျာ Mr. Danila Kisiev တို့ လေးဦးပါဝင်ပြီး မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အယ်လ်ဇန္ဒား၊ ရုရှားသံရုံးမှ ကိုယ်စားလှယ် Mr. Andrei Tretiakov နှင့် MRTV မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့ညွန်တော၊ ဝါးပိုးဝါးပင်များ ထိန်းသိမ်းထားရှိမှု၊ လိပ်ပြာပြတိုက်၊ မြန်မာသစ်ခွမျိုးရင်းပြကွက်များအား စိတ်ပါဝင်စားစွာဖြင့် အသေးစိတ်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့တွင်းရှိ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ကြပြီး အမှတ်တရပစ္စည်းများ





ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE. FALLS) သို့ သွားရောက်ကြပြီး အပန်းဖြေစခန်းအတွင်းရှိ မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကာ ဆင်လိမ္မာသရုပ်ပြသမှုအား ကြည့်ရှုကြသည်။

ဆက်လက်၍ အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့ သွားရောက်စဉ် မြန်မာတို့၏ သီတင်းကျွတ် ရုံးပိတ်ရက်ကာလအတွင်း လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေလာရောက်နေကြသည့် ပြည်သူများနှင့်အတူ တွေ့ဆုံနှုတ်ဆက်ခြင်း၊ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ခြင်းများလည်း ဆောင်ရွက်ကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး ယင်းနေ့ညပိုင်းက မန္တလေးမြို့တော်ခန်းမတွင်လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညက ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် လည်းကောင်း ဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဆက်လက်၍ ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၇** - ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။ **မြန်မာ့အလင်း**

### အပူပိုင်းမုန်တိုင်း မတ်မို ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့

**နေပြည်တော် အောက်တိုဘာ ၇** - ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အပူပိုင်းမုန်တိုင်း "မတ်မို" သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်တို့တွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

## ဝန်းသိုမြို့ စတုဗုဒ္ဓမဟာအတုလစေတီတော်နှင့် ဟော်တော်ဦးစေတီတော်များ၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်



**ဝန်းသို အောက်တိုဘာ ၇**

ဝန်းသိုမြို့တွင် စတုဗုဒ္ဓမဟာ အတုလစေတီတော်မြတ်ကြီး (စော်ဘွားဘုရား)အား ဆီမီး ၁၀၀၀ ကပ်လှူထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့က အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဆီမီးပူဇော်ပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စတုဗုဒ္ဓမဟာအတုလစေတီတော်ရင်ပြင်၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်၍ ကုသိုလ်ပြုကြသည်။ ဆက်လက်၍ တာဝန်ရှိသူများက ဟော်တော်ဦးစေတီတော်ရင်ပြင်တွင်လည်း ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် ပန်း၊ ရေချမ်း၊ နံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းများပြုလုပ်၍ ကုသိုလ်ယူခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့မှူး၌ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ လှည့်လည်ပူဇော်ခံပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**ကော့မှူး အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ လှည့်လည်ပူဇော်ခံပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ညက ကျင်းပသည်။

ကျင်းပရာတွင် ကော့မှူးမြို့နယ် ဘုရားလမ်းရပ်ကွက် တောရကျောင်းတိုက်အတွင်းရှိ ဘုရားစေတီပုထိုးတွင် ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများအား မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံပွဲနှင့် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ရာတွင် လမ်းတစ်လျှောက်မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်သူများပြား

**ငွေဆောင် အောက်တိုဘာ ၇**

ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေသို့ သီတင်းကျွတ် ရုံးပိတ်ရက်ကာလအတွင်း ပြည်တွင်းခရီးသွား ၉၄၂၆ ဦးနှင့် ပြည်ပခရီးသွား ၇၈၁ ဦး စုစုပေါင်း ၁၀၂၀၇ ဦး ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ထက် ပိုမိုများပြားကြောင်း သိရသည်။



ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များသည် Speed Boat, Banana Boat တို့ဖြင့် ငွေဆောင်ကမ်းခြေ၏ အထင်ကရကျွန်းများသို့ သွားရောက်လည်ပတ်ခြင်း၊ ငွေဆောင်မြို့ရှိ ဆင်စခန်းများသို့ သွားရောက်လည်ပတ်ခြင်း၊ မြို့ထဲရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် ဈေးဝယ်ယူခြင်း၊ ငွေဆောင်ညဈေးသို့ သွားရောက်လည်ပတ်ခြင်း၊ ကမ်းခြေတွင် အနားယူအပန်းဖြေခြင်းတို့ဖြင့် သီတင်းကျွတ်ရုံးပိတ်ရက်ကာလကို အပန်းဖြေအနားယူလျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

**ဘုတ်ပြင်း အောက်တိုဘာ ၇**

ဘုတ်ပြင်းမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကပ်ထား ကြေညာလျက်ရှိရာ ပြည်သူများက လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။



မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကိုဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သောပုံစံများကိုလည်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းများကို ဘုတ်ပြင်းမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စု ၁၉ စုတို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ၁၄ ရက်ကြာ ကြေညာထားမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## သီတင်းကျွတ်ကာလ စက်စဲကမ်းခြေ၌ လာရောက်အပန်းဖြေ ရေကစားသူများဖြင့် စည်ကား

**သံဖြူဇရပ် အောက်တိုဘာ ၇**

သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ၌ ခရီးသွား ဧည့်သည်များ ဝင်ရောက် များပြားလျက်ရှိရာ ယနေ့တွင် စက်စဲအပန်းဖြေကမ်းခြေတစ်လျှောက် အပန်းဖြေ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

စက်စဲကမ်းခြေ၌ သီတင်းကျွတ် ကာလရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက် ရှည်ကာလများဖြစ်၍ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေ ရေကစားသူများနှင့် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား လာရောက် ဖူးမြော်ပြီး အပြန်တွင် စက်စဲကျေးရွာရှိစက်စဲကမ်းခြေသို့ လာရောက်၍ သဲသောင်ပြင်၌ မြင်းစီးခြင်း၊ စက်ဘီးစီးခြင်းနှင့် အပန်းဖြေ ရေကစားသူများဖြင့် အထူး စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





## လပွတ္တာမြို့နယ် အောင်တော်မူစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်ည ဘုရားဖူးပြည်သူများဖြင့် စည်ကား

**လပွတ္တာ အောက်တိုဘာ ၇**

လပွတ္တာမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ အောင်တော်မူစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်ည(အဘိဓမ္မာအခါတော်နေ့) ညနေပိုင်းမှစတင်၍ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

လပွတ္တာမြို့ပေါ်ရှိရပ်ကွက်များနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများက အောင်တော်မူစေတီတော်မြတ်ကြီးတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိပြီး ဘုရားဖူးလာပြည်သူများအား ကြက်သားဆန်ပြုတ်ဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခြင်း၊ ဖျော်ဖြေရေးအနေဖြင့် ခေတ်ပေါ်တေးဂီတများ၊ တီးဝိုင်းများနှင့် အကအလှများဖြင့် သီဆိုဖျော်ဖြေလျက်ရှိရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း၊ ဖျော်ဖြေရေးတေးဂီတပွဲနှင့် အကအလှပဒေသာများကို သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ သဘာဝမြေသြဇာပြုလုပ်နည်း၊ တိရစ္ဆာန်အစာပြုလုပ်နည်းနှင့် မီးခိုးမြူငွေ့လျှော့နည်းစေရေး အသိပညာပေး

**မှော်ဘီ အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍သဘာဝမြေသြဇာပြုလုပ်နည်း၊ တိရစ္ဆာန်အစာပြုလုပ်နည်းနှင့် မီးခိုးမြူငွေ့၊ လေထုညစ်ညမ်းမှုလျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြောင်းတကာကျေးရွာအုပ်စု ရိုးဝကျေးရွာ SMU ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာရွှေက မီးခိုးမြူငွေ့ဖြစ်ပွားစေသည့် အကြောင်းရင်းများ၊ အမှိုက်သရိုက်များ၊ တောင်ယာမီး၊ တောမီးရှို့ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပွားစေပြီး ရှူရှိုက်မိသူများ ကျန်းမာရေးထိခိုက်စေနိုင်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုလျှော့နည်းစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက တောင်သူများ ဓာတ်မြေသြဇာလျှော့ချသုံးစွဲရေး၊ သဘာဝမြေသြဇာသုံးစွဲနိုင်ရေးအတွက် သဘာဝမြေသြဇာပြုလုပ်နည်းနှင့် တိရစ္ဆာန်များ အစားအစာရှားပါးမှုမရှိစေရေး တိရစ္ဆာန်အစာပြုလုပ်နည်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မေစံပယ်စိုးမိုး**

## ကြံခင်းမြို့ရှိ ဂေါတမသဗ္ဗညုရွှေပြည်အေး (၁၁)ထပ်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်



**ကြံခင်း အောက်တိုဘာ ၇**

ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ယမန်နေ့က ဂေါတမသဗ္ဗညုရွှေပြည်အေး (၁၁)ထပ်ဘုရားကြီး ပရိဝုဏ်အတွင်း ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ပွဲကျင်းပသည်။

အလားတူ ကြံခင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်၊ ကျေးရွာ/အုပ်စုများတွင် ဂေါတမမြတ်စွာဘုရားရှင်အား ရည်မှန်းကာ ဆီမီးများ ထွန်းညှိပူဇော်လျက်ရှိပြီး ဘုရား၊ စေတီပုထိုးများ၌ ပဝါရဏာကပ်လှူပွဲကျင်းပခြင်း၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မြန်မာ့ရိုးရာမီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

## သီတင်းကျွတ်လပြည့်နေ့ သဗ္ဗသိဒ္ဓိရှင်မြို့ဦးစေတီတော်မြတ်ကြီး ဆီမီး ၁၀၀၀ ကပ်လှူပူဇော်

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော သဗ္ဗသိဒ္ဓိရှင် မြို့ဦးစေတီတော်မြတ်ကြီးအား ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် စေတီတော်မြတ်ကြီးအား ဆီမီးများ ကပ်လှူပူဇော်လျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့တွင် နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ရပ်ကွက်အလိုက် ဓမ္မာရုံများတွင် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသူများ၊ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ ရပ်ကွက်အလိုက် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်သကဲ့သို့ ညပိုင်းတွင်လည်း မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မြို့နယ်ရပ်ကွက်အလိုက် ဘုရားစေတီပုထိုး



များ၊ လမ်းများ၊ နေအိမ်များတွင် ဆီမီးများ၊ အလှမီးပုံးများ ထွန်းညှိကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ **ဝေယံ(ပြန်/ဆက်)**

## သီတင်းကျွတ်လပြည့်နေ့တွင် ပျော်ဘွယ်မြို့ မင်းရာမဘုရား၌ ဆီမီး ၃၀၀၀ ပူဇော်



**ပျော်ဘွယ် အောက်တိုဘာ ၇**

ပျော်ဘွယ်မြို့နယ်တွင် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့၌ မင်းရာမဘုရားတွင် အောက်တိုဘာ ၆ ရက်က ဘုရားပန်း၊ ရေချမ်းကပ်လှူခြင်း၊ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်လျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း စသည့် ကောင်းမှုကုသိုလ်များကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကျွန်းစုမြို့၌ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးများဖြင့် စည်ကား

**ကျွန်းစု အောက်တိုဘာ ၇**

ကျွန်းစုမြို့နယ်ရှိ မြို့ဦးသံသရာအေးစေတီတော်၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ မြို့ဦးသံသရာအေးစေတီသို့ ကျွန်းစုမြို့ပေါ်နှင့် ကျေးရွာများမှ ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ လာရောက်ကပ်လှူ၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြကာ စတုဒိသာ ဧည့်ခံကျွေးမွေးခြင်းများပြုလုပ်ရာ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။ **ကျွန်းစု(ပြန်/ဆက်)**



## နောင်မွန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ



**နောင်မွန်း အောက်တိုဘာ ၇**

ကချင်ပြည်နယ် နောင်မွန်းမြို့နယ်၌ ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းကစတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ၌ ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

နောင်မွန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုရှိတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## ကော့ကရိတ်မြို့၌ ရဟန်းသံဃာတော်များအား ဆွမ်းကြီးလောင်းလှူ

**ကော့ကရိတ် အောက်တိုဘာ ၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ဝါတွင်းကာလ ဥပုသ်သီတင်းဆောက်တည်ကြသော ရဟန်းသံဃာတော်များသည် သီတင်းကျွတ်လပြည့်နေ့က မြို့မဘုန်းတော်ကြီးကျောင်း၌ စုပေါင်း၍ ပဝါရဏာပွဲကျင်းပသည်။

ပဝါရဏာပွဲတွင် သံဃာတော်များအား ဆွမ်းကြီးလောင်းလှူကြရာ ကော့ကရိတ်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းပေါင်း ၂၁ ကျောင်းမှ သာကီနွယ်အဝင် သံဃာတော်အရှင်သူမြတ် ၇၇ ပါးနှင့် သီလရှင် သုံးပါးတို့အား ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ အလှူဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ် ဥယျာဉ်ကုန်းကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်

**မိတ္ထီလာ အောက်တိုဘာ ၇**

မိတ္ထီလာမြို့နယ် ဥယျာဉ်ကုန်းကျေးရွာ၌ ဥယျာဉ်ကုန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာကောသလ္လ ဦးစီးဆောင်ရွက်ခဲ့သော ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါကျေးရွာလမ်းသစ်ကို ဟံလင်းမဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးကျော်ဇေယျနှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) စက်ရုံမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ကျေးရွာကွန်ကရစ်လမ်းသည် အရှည် ပေ ၃၂၀၀၊ အကျယ် ၁၄ ပေ ရှိပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်း၆၂၀ ကုန်ကျ၍ ဒေသခံပြည်သူများနှင့် အလှူရှင် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းကူညီပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းကစတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ၌ ကပ်ထားကြေညာလျက်ရှိရာ အောက်တိုဘာ ၇ ရက်က ပြည်သူများ လာရောက်ကြည့်ရှုစဉ်။ အေးမဥ္ဇူ

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်၌ ကျင်းပသည့် သီတင်းကျွတ်ပွဲတော် ဆီမီးပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်မှုကြည့်ရှုအားပေး

**မုံရွာ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး / ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိပြည်သူ့ဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် ၁၃၈၇ ခုနှစ် သီတင်းကျွတ်ပွဲတော်သို့ တက်ရောက်အားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝန်ကြီးဌာနများ၊ မုံရွာမြို့ပေါ်ရှိ ဆန်/ဆီကုန်သည်ကြီးများအသင်းများ၊ ပုဂ္ဂလိကဘဏ်/ဆေးရုံ/ကိုယ်ပိုင်ကျောင်းများနှင့်ကုန်စည်ဒိုင်များက သီတင်းကျွတ်ပွဲတော်သို့ လာရောက်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများနှင့် မြို့နေပြည်သူများအား စတုဒိသာမဏ္ဍပ် ၁၇ ခုမှ စားသောက်ဖွယ်ရာများ ကျွေးမွေးဧည့်ခံနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံကျော်အဆိုတော်များ၏ ဧည့်ခံဖျော်ဖြေနေမှုများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့် မြို့နေပြည်သူများ တပျော်တပါး ပျော်ရွှင်စွာအားပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီတင်းကျွတ်လပြည့်နေ့ညနေပိုင်းကလည်း ပြည်သူ့ဥယျာဉ်အနီးရှိ “အောင်ဆုပန်” စေတီတော်ကြီး၌ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ ဆီမီး ၂၅၀၀ တပျော်တပါး ထွန်းညှိပူဇော်ကြသည်။

ထို့နောက် မုံရွာမြို့ ပြည်သူ့ဥယျာဉ်အတွင်း တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ မီးပုံးပျံအလုံး ၁၀၀၀ တပျော်တပါး လွှတ်တင်ကြပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



ထို့နောက် အဆိုပါပြည်သူ့ဥယျာဉ်အတွင်း သီတင်းကျွတ်လပြည့်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ် / ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့်မြို့နေပြည်သူများ အေးချမ်းသာယာစွာဖြင့် ဘဝအမောများပြေပျောက်စေရန်အတွက် နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေနေမှုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နေပြည်သူ ၅၀၀၀၀ ကျော် တပျော်တပါး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**တိုင်းဒေသကြီး (ပြန်/ဆက်)**

# လှိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်၌ သီတင်းကျွတ်လပြည့်တွင် ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၇**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ လှိုင်ကော်မြို့ ကျက်သရေဆောင် သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀၀ ကပ်လှူ ပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် လူမှုရေးရာဝန်ကြီးတို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နာမ်စေတီတော်မြတ် ဂန္ဓကုဋိတိုက်အတွင်းရှိ မြတ်စွာဘုရားရုပ်ပွားတော်များအား ဆီမီးများကပ်လှူပူဇော်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နာမ်စေတီတော်မြတ် အထက်ပစ္စယာရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆီမီးကပ်လှူပူဇော်ကြပြီး စေတီတော်ရင်ပြင်တော်နှင့် စေတီတော်ပရိဝုဏ်အတွင်း သတ်မှတ်နေရာရှိ ဧည့်ပရိသတ်အပေါင်းတို့ကလည်း ဆီမီးများကပ်လှူပူဇော်ကာ စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် စေတီတော်ပရိဝုဏ်ကွင်းအတွင်း၌ မီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်သို့လာရောက် ဧည့်ခံဖျော်ဖြေကြသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ပြည်နယ်အစိုးရအဖွဲ့က ကုသိုလ်ပြုကျွေးမွေးလျက်ရှိသည့် စတုဒိသာမဏ္ဍပ်များ၌ ပွဲတော်လာဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်တွင် သီတင်းကျွတ်မီးထွန်းပွဲတော် တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးသည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် လှိုင်ကော်မြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည် တရားဘာဝနာပွားများသူများ၊ ဘုရားဖူးဧည့်သည်များ၊ နောင်ယားကန်သာနှင့် ထေးငှားလျားကန်သာတို့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားခဲ့ပြီး ညပိုင်း၌ ဘုရားစေတီပုထိုးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များတွင် ဆီမီးများနှင့် လျှပ်စစ်မီးအလှများ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမာသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** တန်ဖိုးရှိသောမဲတစ်ပြား (ရုရှင်ဇာလွင်)
**၀၉:၁၀** စိုက်ပျိုးရေးရာအကြံပြာ
**၁၀:၃၀** ဆန္ဒမဲပေးကြပါ (အောင်ကိုလတ်)
**၁၁:၁၀** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၂:၃၅** မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ဂုဏ်ပြု ဇာတ်လမ်း **'ထာဝရမန္တလေး'** (အပိုင်း-၃၆)
**၁၃:၁၅** သီချင်းကြိုးဝိုင်း
**၁၃:၃၀** MRTV National News
**၁၄:၀၀** မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ဂုဏ်ပြု ဇာတ်လမ်း **'ထာဝရမန္တလေး'** (အပိုင်း-၃၇၊၃၈)
**၁၅:၃၀** Weekly Soccer Preview
**၁၆:၄၀** မျိုးဂုဏ်တင့်စေဆိုကရေးတီးအဖွဲ့
**၁၇:၁၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
**၁၇:၄၀** NEXT LEVEL
**၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားဖွဲ'** (အပိုင်း-၅၄) (ဇာတ်သိမ်းပိုင်း)
**၁၉:၅၀** အရှေ့မမှားနဲ့ အမှားမရှေ့နဲ့ (တင်ဦးလေး၊ စိမ်းဖိုဖို)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ခြွင်းချက်မရှိ (ထက်ထက်စိုးစံ)
**၂၁:၀၅** (၂၆) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် (ဒုတိယနေ့)
**၂၁:၃၅** မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ဂုဏ်ပြု ဇာတ်လမ်း **'ထာဝရမန္တလေး'** (အပိုင်း-၃၉)
**၂၂:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယော်မြို့ဖြူ'** (အပိုင်း-၇)

**mitv**

**07:01** Evergreen Classic: Thatta Htar Na (Sein Lei Lei)
**07:09** Tech Digest
**07:18** Myanmar Betels
**07:34** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
**08:26** Kyaukse Cement Plant
**08:42** We'll Leave After 12
**09:01** BE. FALLS PARK
**09:14** Myanmar Athlete Nyein Chan
**09:37** Discovering Tribes- Gaybar Kayin

**Me**

**၀၆:၀၀** အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
**၀၆:၂၅** တိုင်းရင်းသားသီချင်း၊ အက (ချင်း)
**၀၆:၅၀** မြန်မာသံစဉ်တေးများ
**၀၇:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အလင်းဝင်းသူများ'** (အပိုင်း-၁၀) (ဇာတ်သိမ်းပိုင်း)
**၀၈:၀၀** ဝတီရိုးပိုတေးများ
**၀၈:၁၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၀၉:၄၀** ဇာတ်တော်ကြီး **'ဗုဓာယကဇာတ်တော်ကြီး'** (ပထမပိုင်း)
**၁၀:၀၅** ကျောက်တောင် ကျောက်မျောက်နှင့် ကျောက်တုံးဓိနီးကလေး (အပိုင်း-၁)
**၁၀:၂၀** ဇာတ်တော်ကြီး **'ဗုဓာယကဇာတ်တော်ကြီး'** (ဒုတိယပိုင်း)

**MRTV NRC**

**ဂေါ်ကာကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ထူးဆန်းပွေ့ရာဝလေ့ရိုးရာ (ဝပ်းလိပ်ပြာငေါ်ပွဲအကြောင်း)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၅)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကျေးရွာပါဝေဝေ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တေးသံရှင်ဘီလီဗွန်ကျုံးဘိမ် (ရင်တွင်းသီချင်း)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းသီချင်းကြိုး (အပိုင်း-၁)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်တို့၏ယုံကြည်ကိုးကွယ်ရာ ဓလေ့ထုံးတမ်းများ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးရံ့ခြောက်နှင့်သလွန်သီးချက်၊ ငရုတ်သီးကြိတ်နှင့်တို့စရာ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
လွယ်ပြားရွာကစိုင်းစံမိန်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်မှုအဆင့်ဆင့်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၄၅** Football Highlights
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၄၅** Festivals Around The World

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဗီယက်နမ်နိုင်ငံ'**
**၁၀:၀၀** ဥပဒေရေးရာအကြံပြုဇာတ်လမ်းတို **'ရှုပိုက်တို့သွားရာလမ်း'**
**၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အာဝဇာနိုင်ငံ'** (အပိုင်း-၂)
**၁၀:၅၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၉၂)

**MRTV FARMERS HD**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၅** တောင်သူ့ဘဝမြှင့်တင်ဖို့ ဓနစ်ကျလယ်ယာမြေတော်ထုတ်ကြမိဖို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၉:၀၀** Chinese New Year -Spring Festival Celebration
**၂၀:၀၀** ရှယ်လီကောသာ (ဇာတ်လမ်း)
**၂၁:၃၀** Hocus Pocus 2022 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၀၇:၄၀** Weekly MNL Review
**၁၇:၀၀** အားကစားသတင်း
**၂၁:၀၀** FIFA MFF U19 Futsal League 2025 (Replay) (FFU Vs YRG)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀) နာရီမှ ညနေ (၅) နာရီ (၅) ကြိမ်နှုန်း ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့် မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ တာဝန်ရှိသူများနှင့်အားကစားဝါသနာရှင်ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**ရန်ကုန် အောက်တိုဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပခဲ့သည့် သုံးနိုင်ငံဖိတ်ခေါ် ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



အဆိုပါအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ ဒုတိယကျောင်းအုပ်ကြီးများ၊ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားအောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသားသင်တန်းသူများ၊ အားကစားဝါသနာရှင် ပရိသတ်များက အိုးစည်၊ ဒိုးပတ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။**(အပေါ်ပုံ)**

အဆိုပါအောင်ပွဲရ မြန်မာ (ISPE FC) အမျိုးသားဘောလုံးအသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံအားကစားကွင်း ဂိတ်နံပါတ်(၉)သို့ ပြန်လည်ဝင်ရောက်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) မှ သင်တန်းသားသင်တန်းသူများက အောင်သပြေပန်းခက်များနှင့် ဂုဏ်ယူစွာဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လိဂ်ဝမ်းကလပ် လူတန်တောင်းက မတ်သ်ဘလွန်းဖီးလ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်

လိဂ်ဝမ်းကလပ် လူတန်တောင်းအသင်းသည် လိဂ်ဝမ်းအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် အောက်တိုဘာ ၄ ရက်က အမှတ်ပေးဇယားဦးဆောင်သူ စတီဗင်နေ့ဂ်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် မတ်သ်ဘလွန်းဖီးလ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။

ဘလွန်းဖီးလ်သည် ဝိုင်ကမ်ဘီအသင်းမှ ထွက်ခွာပြီးနောက် ဇန်နဝါရီတွင် လူတန်တောင်းအသင်း နည်းပြဖြစ်လာသူ ဖြစ်သည်။ ၎င်းသည် လူတန်တောင်းအသင်းကို နည်းပြစဉ်တွင် ပွဲပေါင်း ၃၃ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၁၂ ပွဲနိုင်၊ ခုနစ်ပွဲသရေနှင့် ၁၄ ပွဲအထိ ရှုံးနိမ့်ထားသည်။



ဘလွန်းဖီးလ်ကို အသင်းမှ ထုတ်ပယ်လိုက်ပြီးနောက် လူတန်တောင်းအသင်းကို လူတန်တောင်းကစားသမားဟောင်းဖြစ်သူ အဲလက်လောလက်စ်က ယာယီတာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။ လူတန်တောင်းအသင်းသည် လိဂ်ဝမ်းအမှတ်ပေးပြိုင်ပွဲတွင် ၁၁ ပွဲယှဉ်ပြိုင်ကစားပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေ နှင့် ငါးပွဲ ရှုံးရလဒ်ရရှိထားသည်။

**အောင်ဇော်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန်အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



**မကွေး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြန်မာ့သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြသလွန်စေတီတော်မြတ်ကြီး၏(၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ ရက်ပေါင်း ၂၀ ကြာ အစဉ်အလာမပျက် ကျင်းပလျက်ရှိသည်။

အဆိုပါ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးအထိမ်းအမှတ် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲများအပြင် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် မကွေးမြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘုန်းကြီးကျောင်းများမှ သံဃာအပါး ၁၅၀၀ အား ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်သွားမည် ဖြစ်ကြောင်း၊ ဘုရားပွဲတော်အတွင်း ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ပြဇာတ်ရုံများ၊ ဒေသထွက်ကုန်အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများဖြင့် နေ့စဉ် အထူး စည်ကားများပြားလျက်ရှိသည်။

ထို့ပြင် မြို့လယ်ရှိ ကန်သာမင်္ဂလာကန်တော်နှင့် မြို့ပေါ်အပန်းဖြေစရာနေရာများ၊ ကလေးကစားကွင်းများ၌လည်း မိသားစုလိုက် လာရောက်လည်ပတ်ကစားသူများဖြင့် ယခင်နှစ်များထက် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ခိုလမ်မြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့နှင့် မိုင်းနောင်မြို့တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ်စုပေါင်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများ ပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်း ၂၅ ကျောင်းမှ သံဃာတော် ၈၈ ပါး၊ ရှင်သာမဏေ ၃၄၆ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၅၆ ပါးတို့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကြွချီတော်မူကြရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၊ နမ့်စန်မြို့နှင့် မိုင်းနောင်မြို့များတွင်လည်း မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ပြုလုပ်ကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

များဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျောင်းအပ်လက်ခံ**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင် ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၂၀၆ ဦးရှိကြောင်း သိရသည်။ အဆိုပါကျောင်းအပ်နှံသည့်ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းသော ဆန်၊ ဆီနှင့် အခြေခံ စားသောက်ကုန်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

**ဆေးကုသပေး**

ယင်းအပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ အောက်တိုဘာ ၅ ရက်မှစတင်၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၆၉ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊


(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




❑ ကျောဖုံးမှ

ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ယာဉ်မောင်း အောင်ခန့်ကျော်နှင့် ယာဉ်နောက်လိုက် ထက်ဝေဖြိုးတို့ကို ၎င်းတို့မောင်းနှင်လာသည့် NISSAN CONDOR ယာဉ်ပေါ်မှ အိုက်စ် ၁၄၃၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက်တွင် ရွှေပြည်သာမြို့နယ် တည်းကုန်းလမ်းဆုံအနီးရှိ "ရွှေမောင်း" လက်ဖက်ရည်ဆိုင်၌ မူးယစ်ဆေးဝါး သယ်ဆောင်မည့်ယာဉ်အား ငှားရမ်းချိတ်ဆက်ပေးသည့် ဇော်ဝင်းထွန်းနှင့် ဆန်းထွန်းကျော်တို့ နှစ်ဦးကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ မူးယစ်ဆေးဝါးများ သိုလှောင်သိမ်းဆည်းပေးသူ ဇော်လင်း၊ စောဇင်မင်းဟန်တို့ကို အိုက်စ် ၁၉၉၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နှင့် အတူလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား သုံးခွမြို့နယ် သမစိတ္တာကမ်းခြေမှ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်းသိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် သမစိတ္တာကျေးရွာအနီးရှိ နေအိမ်ဂိုဒေါင်၌ ဂိုဒေါင်ပိုင်ရှင်ဖြစ်သူ ကျော်နိုင်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ပေးခဲ့သည့် ယာဉ်မောင်း/ယာဉ်မောင်း အကူများဖြစ်သော သက်ပိုင်ဦး၊ ရဲကို၊ ဟိန်းထက်စိုး၊ ထက်နေလင်း၊ ဇင်မင်းလှိုင်၊ ဝေဖြိုးအောင်တို့ကို ကတ်တမင်း ၂၁၉၈ ကီလိုဂရမ်၊ တန်ဖိုး ငွေကျပ် ၁၀၉ ဘီလီယံခန့်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် NISSAN VANETTE အဖြူရောင် ယာဉ်တစ်စီး၊ MITSUBISHI FUSO အဖြူရောင် ယာဉ်တစ်စီး၊ HYUNDAI PORTER အဖြူရောင် ယာဉ်တစ်စီးတို့နှင့်အတူ လည်းကောင်း၊ လှိုင်သာယာမြို့နယ် ရေဦကွက်ကျေးရွာ၌ မူးယစ်ဆေးဝါး သယ်ဆောင်မည့် ယာဉ်မောင်းများအား ချိတ်ဆက်ပေးသူ စိုးမင်းပိုင်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သတင်းဆက်အရ စက်တင်ဘာ ၂၈ ရက်တွင် လှိုင်သာယာမြို့နယ်

*စာမျက်နှာ ၂၂ သို့*





လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ယာဉ်နှင့် သိုဝှက်ထားရှိမှုကို တွေ့ရစဉ်။





မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်နှင့် နေအိမ်အတွင်း သိုဝှက်ထားသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။




ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ထုပ်ပိုးမှုပုံစံများကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမစိတ္တကျေးရွာ အနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားခံများနှင့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။





ဖမ်းဆီးရမိ မူးယစ်ဆေးဝါး (ကတ်တမင်း) ထုပ်ပိုးမှုပုံစံကို တွေ့ရစဉ်။



သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ငါးကုန်စည်ဒိုင်အဆောက်အအုံနှင့် ငါးသယ်ယူပို့ဆောင်သည့် ရေခဲပုံးများအတွင်း မူးယစ်ဆေးဝါးများ သိုဝှက်ထားမှုကို တွေ့ရစဉ်။





သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ကုန်စုံဆိုင်တွင် ဆန်အိတ်များနှင့် ရောနှော၍ သိုဝှက်သိမ်းဆည်းထားသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။



ဖမ်းဆီးရမိ NISSAN VANETTE အဖြူရောင်ယာဉ်ကို တွေ့ရစဉ်။



ဖမ်းဆီးရမိ HYUNDAI PORTER အဖြူရောင်ယာဉ်ကို တွေ့ရစဉ်။





လှိုင်သာယာမြို့နယ် ဂိုဒေါင်အဆောက်အအုံအတွင်းရှိ မူးယစ်ဆေးဝါးများ သိုဝှက်ထားခဲ့သည့် မြေအောက်အခန်းအား ရှာဖွေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၂၁ မှ*

(၁၅)ရပ်ကွက် Smile World Spa ဆိုင်၌ မူးယစ်ဆေးဝါးများသိုလှောင်သိမ်းဆည်းပေးသူ ခင်မောင်တွတ်ကိုလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် တွံတေးမြို့နယ် ဘုရားငူကျေးရွာ၌ တင့်နိုင်ထွန်းအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ၁၆ ဦး၊ မော်တော်ယာဉ် လေးစီးနှင့် အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကတ်တမင်း ၂၁၉၈ ကီလိုဂရမ် စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကာလိမြို့နေ စိုင်းနော်ခမ်း(ခ)ကိုစိုင်း (ဖမ်းဆီးရန်ကျန်)က ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသမှ မူးယစ်ဆေးဝါးများကို ရမည်းသင်းမြို့သို့ပို့ဆောင်ပေးခဲ့ရာ ရမည်းသင်းမြို့မှ ရန်ကုန်မြို့သို့ အောင်ခန့်ကျော်နှင့် ထက်ဝေဖြိုးတို့က ဆက်လက်သယ်ဆောင်ခဲ့ကြောင်း၊ စိုင်းနော်ခမ်း (ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ဇော်လင်းငှားရမ်းထားသည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ သိုလှောင်သိမ်းဆည်းထားစဉ်ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ခင်မောင်တွတ်က လှိုင်သာယာမြို့နယ်၌ ခေတ္တသိုလှောင်သိမ်းဆည်းပေးခဲ့ပြီး ၎င်းနေရာမှတစ်ဆင့် ပင်လယ်ကမ်းစပ်ဖြစ်သည့် သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ကျော်နိုင်၏ ဂိုဒေါင်သို့ ပို့ဆောင်သိုလှောင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ကျော်နိုင်၏ထွက်ဆိုချက်အရ ဂိုဒေါင်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စီးပွားရေးတာဝန်ခံများဖြစ်သည့် ရဲဇော်(ဖမ်းဆီးရန်ကျန်)နှင့် ချစ်မင်း(ဖမ်းဆီးရန်ကျန်)တို့က ပင်လယ်ရေလမ်းကြောင်းဖြင့် မလေးရှားနိုင်ငံသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများ အပါအဝင် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကို၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်အာဖရိကနိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသားသုံးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilya Ilin နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၄၃၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အောက်တိုဘာ ၆ ရက်က ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသား နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီတွင် မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် ရွှေမြင်တင်ဘုရားအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း မြောက်မှတောင်သို့ ပြည်သာယာတောင်ရပ်ကွက်နေ မျိုးသက်မောင် (၃၀ နှစ်) မောင်းနှင်လာသည့် YGN-41 6F/---- MITSUBISHI CANTER ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဝဲဘက်ယာဉ်ကြောသို့ ဂငယ်ကွေ့ချိုးကွေ့လိုက်စဉ် လားရာတူနောက်မှ ကန်သာကျေးရွာနေ ဇေယျာဦး (၂၁ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်မင်းဦး(ခ)ဖိုးပြည့်(၂၂ နှစ်) လိုက်ပါလာသည့် Luojia-110 ဆိုင်ကယ်အားချိတ်မိခဲ့၍ ဆိုင်ကယ်လဲကျသွားပြီး ဇေယျာဦးနှင့် ကျော်မင်းဦး (ခ) ဖိုးပြည့်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် မျိုးသက်မောင်အား မိတ္ထီလာမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင်**
**အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ**
**ဒုတိယအကြိမ် အကောင်းဆုံးပါ။**

## စစ်ကိုင်းမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့၌ အောက်တိုဘာ ၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-ရွှေဘို-မုံရွာကားလမ်းအတိုင်း ဝက်လက်မြို့နယ် လှတောကျေးရွာနေ သက်ထက်အောင်(၃၉ နှစ်)မောင်းနှင်လာသည့် YGN-7 1G/ - - - - DAIHATUSU HIJET အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် သက်ထက်အောင်အား စစ်ကိုင်းမြို့မရဲစခန်း (ပ)၅၀၇/၂၀၂၅၊ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ ဖြင့်လည်းကောင်း။

အလားတူ နံနက် ၉ နာရီခွဲတွင် ပခုက္ကူမြို့နယ် ရောဝတီတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ညောင်ဦးမြို့ဘက်မှ ပခုက္ကူမြို့ဘက်သို့ မုံရွာမြို့နယ် လယ်ဇင်းကျေးရွာနေ ရဲဝင်းအောင် (၄၅ နှစ်)မောင်းနှင်လာသော SGG-1 5P/ - - - - HIJET အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ရဲဝင်းအောင် အား ပခုက္ကူမြို့မရဲစခန်း၌ (ပ)၁၆၂/၂၀၂၅၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၆ ရက် နံနက် ၅ နာရီ မိနစ် ၃၀ တွင် ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော်၌ ပြုလုပ်ခဲ့သည်။



ဦးစွာ ကျိုက်ထီးရိုးရင်ပြင်တော်ရှိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ ဆရာတော်များအား မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် ဩဝါဒါစရိယဆရာတော် ၁၅ ပါးမှ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပူဇော်ပြီး စေတီတော်မြတ်အား ဆရာတော်ကြီးများနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပူဇော်ခဲ့ကြသည်။

ယင်းနောက် ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲမင်္ဂလာကို နမောတဿသုံးကြိမ်ရွတ်ဆို ပူဇော်ဖွင့်လှစ်ပြီး ဆရာတော်ကြီးထံမှ ၉ ပါးသီလခံယူ ဆောက်တည်၍ ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ပေးကာ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်က သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ရတနာကံဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိက္ခသာရက ဩဝါဒကထာ ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစီရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

# သာကေတမြို့နယ်၌ သံဃမဟာပဝါရဏာကံဆောင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

သာကေတမြို့နယ် ရှုခင်းသာ ရပ်ကွက် ရှုခင်းသာကျောင်းဝိုင်းအတွင်းရှိ သာသနာ့ဗိမာန်မဟာသိမ်တော်ကြီး၌ အောက်တိုဘာ ၆ ရက် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့က သံဃမဟာပဝါရဏာ ကံဆောင်ပွဲ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်သည်။

ယင်းနောက် သံဃာထေရ်ကျော် ရတနာမာန်အောင်ကျောင်း သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသက အစပြု၍ ကျောင်းတိုက်ပေါင်း ၄၃ တိုက်မှ သံဃာတော်အရှင်သူမြတ် ၂၁၄ ပါးတို့က ထေရ်စဉ်ဝါစဉ် ကြီးငယ်အလိုက် ကံဆောင်တော်မူကြပြီး မေတ္တာသုတ်ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။



ဆက်လက်၍ သက်တော်ရှည် ဆရာတော်ကြီး နှစ်ပါးအား ဩကာသ ကန်တော့ချီးဖြင့် ကန်တော့ခဲ့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသက ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် သာကေတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့်ဇနီး၊ ရာသက်ပန် သံဃမဟာပဝါရဏာ သိမ်ဆင်းလောင်းလှူရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင် ဦးဆောင်သော ၃ / ရန်ပြေ၊ ၃ / မာန်ပြေ၊ ၄ / တောင်၊ ၄ / မြောက်၊ ၅ ရပ်ကွက်နှင့် ရှုခင်းသာရပ်ကွက်များရှိ အဖွဲ့များက သံဃာတော်အရှင်သူမြတ်များအား သိမ်ဆင်းလောင်းလှူခဲ့ကြသည်။

**သဲထက်ဇင်(ပြန်/ဆက်)**

---

# မိုင်းရှူးမြို့နယ်၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မိုင်းရှူး အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့ နံနက်က စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မိုင်းရှူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၄၇ ကျောင်းမှ ဆရာတော်၊ သံဃာတော် ၈၁၇ ပါးက အမှတ်(၄)ရပ်ကွက်ရှိ ယုံးပေါင်ကျောင်းမှ မြို့လယ်ဘုရားကြီးကျောင်းသို့ ကြွရောက်အလှူခံရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့် ရပ်နီး၊ ရပ်ဝေး အလှူရှင်များက ဝတ္ထုငွေ၊ ဆန်၊ ဆေး၊ အချိုရည်၊ ချိုချဉ်၊ မုန့်များ အစရှိသော လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။



**သန်းလူ(ပြန်/ဆက်)**

---

# ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ကောဒသမကြိမ်မြောက် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာမြောက်ကန် ကန်ဦး ကန်ထိပ်၌ တည်ထားကိုးကွယ်သော ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ကောဒသမကြိမ်မြောက် ဆီမီးထွန်းညှိ ပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိရာ ယမန်နေ့ည( သီတင်းကျွတ်လပြည့်နေ့)က ဘုရားဖူးလာရောက်သူများ၊ ဆီမီးပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်ခဲ့သည်။



**စည်ကားစွာကျင်းပ**

ဓမ္မသုခရွှေစည်းခုံစေတီတော် ရင်ပြင်တော်တွင် သီတင်းကျွတ်ကာလ သီတင်းကျွတ်ဆီမီးထွန်းညှိပူဇော်ပွဲအဖြစ် နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်သည့် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကို သုံး ရက်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ယခုနှစ် ကောဒသမကြိမ်မြောက် ဆီမီးထွန်းညှိပူဇော်ခြင်းဖြစ်ပြီး ယခင်နှစ်ကဲ့သို့ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာရောက်သူ၊ ဆီမီးထွန်းညှိပူဇော်သူများဖြင့်စည်ကားသည်။

အလားတူ ယမန်နေ့ည (သီတင်းကျွတ်လပြည့်နေ့) က မိတ္ထီလာမြို့ပေါ်ရှိ သမိုင်းဝင် ဖောင်တော်ဦးစေတီတော်၊ ရွှေမြင်တင်စေတီတော်၊ နဂါးရုံမဟာဗောဓိစေတီတော်၊ မိုးကောင်းအန္တကူရေလယ် စေတီတော်၊ ရွှေစောလူးစေတီတော်၊ ထီးသုံးဆင့်စေတီတော် စသည့်ဘုရားပုထိုးစေတီတော်များတွင် ဘုရားဖူးလာရောက်သူများက ဆီမီးထွန်းညှိ ပူဇော်ခဲ့ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

---

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

**နေပြည်တော် အောက်တိုဘာ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ် မှ **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ၈-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခိုင်လုံသော အကြောင်းအရင်းမရှိဘဲ လူနေကျေးရွာများ ဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

---

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့**

# သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပ



**မုဒုံ အောက်တိုဘာ ၇**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်ရင်ပြင်၌ ဆီမီး ၉၀၀၀ ကပ်လှူ ထွန်းညှိပူဇော်ပွဲကို ယမန်နေ့ညက စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မြို့နယ်ဩဝါဒ စရိယဆရာတော် ၁၃ ပါးထံမှ ငြိမ့်ပရိသတ်အပေါင်းက သီလခံယူဆောက်တည်ကြကာ အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဓမ္မဒူတကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လမှ မဟာပဋ္ဌာန်း အမွှမ်းနှင့် ဘုရားပင့်ဂါထာအား ရွတ်ဖတ်ပူဇော်၍ ဆရာတော် သံဃာတော်များနှင့်အတူ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး မိုးဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်း၊ ကန်ကြီး စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့သူမြို့သားများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

**မီးပုံးပျံများလွှတ်တင်**

ထို့နောက် ဩဝါဒစရိယ ဆရာတော်ကြီးများအား တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေကာ မြန်မာ့ ရိုးရာအစဉ်အလာအရ မီးပုံးပျံများ လွှတ်တင်ပူဇော် ကြကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

# (၆၉)ကြိမ်မြောက် ဝါတွင်းသံဃဒါန အရဏ်ဆွမ်းသိမ်းအောင်ပွဲ ကျင်းပ

**ကျောင်းကုန်း အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့၏ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာ ဘုရားကြီးဝင်း အတွင်းရှိ ဓမ္မသဟာယမဉ္ဇူရီဗိမာန်တော်၌ (၆၉) ကြိမ်မြောက် ဝါတွင်း



သံဃဒါန အရဏ်ဆွမ်းလောင်းလှူရေး အောင်ပွဲထွက်တင်ရေစက်ချ အလှူတော်မင်္ဂလာကို ယနေ့နံနက်က ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့ဖွင့်လှစ်ပြီး မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက သာသနာ ရေးဆိုင်ရာများ ပြောကြားထားသည်။ ဝါတွင်းသံဃဒါန အရဏ်ဆွမ်း လောင်းလှူရေး အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဝါတွင်းသုံးလ အရဏ်ဆွမ်းလောင်းလှူနိုင်ရေး ဆောင်ရွက်ချက်များအား ပြောကြားထား သည်။

ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါး သီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာကြားခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဝိမလာနန္ဒ ထံမှ အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ပြည်ကြီးတံခွန်မြို့နယ်၌ မီးထွန်းပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ပြည်ကြီးတံခွန် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် ၆၁ လမ်းနှင့် ၆၂ လမ်းကြား ၁၁၇ လမ်းရှိ အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်လုံး ဆိုင်ရာ မီးထွန်းပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ယမန်နေ့ ညနေ ၄ နာရီကစတင် ကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်အုပ်ချုပ်ရေး မှူး ဦးဝင်းမော်နှင့်ရာအိမ်မှူးများက ဦးဆောင်၍ အလှူရှင် ၁၅၀ တို့က မြန်မာ့အစားအစာမုန့်မျိုးစုံကို ရပ်ကွက်နေပြည်သူ ၁၅၀၀၀ အား ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ဇင်မင်းမောင်



# ဘုတ်ပြင်းမြို့ ရာဇာမုနိစေတီတော်၌ ဆီမီး၃၀၀၀ ထွန်းညှိပူဇော်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပ

**ဘုတ်ပြင်း အောက်တိုဘာ ၇**

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် သီတင်းကျွတ် လပြည့်နေ့ (အဘိဓမ္မာအခါတော် နေ့)တွင် ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ ဆုတောင်းပြည့် ရာဇာမုနိစေတီတော်၌ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေး အလှူအားစည်ကား သိုက်မြိုက် စွာ ကျင်းပသည်။



ညနေပိုင်းတွင် ရာဇာမုနိ စေတီတော် အတက်လမ်းရှိ နိဗ္ဗာန်ဈေးအား ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းကို၊ အမှတ်(၁၃)စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ကျော်ထင်အေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ဗိုလ်မှူးကြီး ဝင်းနိုင်၊ ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် မြို့နယ် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးညီညီတို့က နိဗ္ဗာန်ဈေး အလှူကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး ခရိုင် / မြို့နယ် အဆင့်ဌာန ဆိုင်ရာများ၊ တပ်ရင်း တပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၊ ဒေသခံ ပြည်သူများ ပါဝင်လှူဒါန်းကြ သည့် နိဗ္ဗာန်ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ဘုရားဖူးပြည်သူများက စေတီတော်ရင်ပြင်၌ နေရာယူ၍ ဆီမီး ၃၀၀၀ အား စတင်မီးထွန်းညှိ ပူဇော်ခဲ့ကြပြီး မီးပုံးပျံအလုံး ၁၀၀ ကို လွှတ်တင်ပူဇော်ခဲ့ကြသည်။

သီတင်းကျွတ် လပြည့်နေ့ (အဘိဓမ္မာ အခါတော်နေ့) ၌ ဘုတ်ပြင်းမြို့ အောင်တော်မူ စေတီတော်၊ ပျောင်းတော်မူ ဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် သီရိမင်္ဂလာ စေတီတော်တို့တွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် လှိုင်ကော်မြို့ ကန္ဒာပဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ သီတင်းကျွတ် မီးထွန်းပွဲတော် တေးဂီတဖျော်ဖြေပွဲကျင်းပရာ ဒေသခံပြည်သူများက ပျော်ရွှင်စွာ တစ်ခဲနက်အားပေးကြစဉ်။

ကိုတွတ်(ပြန်/ဆက်)

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်၌ သံဃာတော်အရှင်သူမြတ် ၁၂၅ ပါးအား သီတင်းကျွတ်ပဝါရဏာလောင်းလှူပူဇော်

**ပုဂံ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ကျောင်း၌ အောက်တိုဘာ ၆ ရက်၊ (သီတင်းကျွတ်လပြည့်နေ့) နံနက်ပိုင်းက သံဃာတော်အရှင်သူမြတ် ၁၂၅ ပါးအား ပင့်ဖိတ်၍သီတင်းကျွတ်ပဝါရဏာလောင်းလှူပူဇော်ပွဲ ကျင်းပခဲ့ကြောင်း အဆိုပါ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရက မိန့်ကြားသည်။

ဦးစွာ ပဝါရဏာလောင်းလှူပူဇော်ပွဲသို့ကြွရောက်တော်မူသည့် ဘုရားအမှူးပြုသော သံဃာတော် အရှင်သူမြတ်များက ပုဂံမြို့ ရတနာဘုံစံတောရဓမ္မ ရိပ်သာကျောင်းတိုက်ရှိမဟာဆန္ဒပြည့်အောင်တော်မူ သိမ်ကျောင်း၌ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် သီတင်းကျွတ် ပဝါရဏာလောင်းလှူ ပူဇော်ပွဲကို ကျင်းပရာ ပုဂံမြို့ ရတနာဘုံစံတောရဓမ္မ ရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ၁၂၅ ပါးအား ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များနှင့် ဒေသခံပြည်သူများက နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ် ပစ္စည်းများဖြင့် လောင်းလှူပူဇော်သည်။

အဆိုပါ သီတင်းကျွတ် ပဝါရဏာလောင်းလှူ ပူဇော်ပွဲကို ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရ ၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများနှင့် ရပ်ဝေး ရပ်နီးမှ စေတနာအလှူရှင်များ စုပေါင်း၍ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်းတွင် အစဉ်အလာ မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# အလိုတော်ပြည့်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၃၁၀၀ ထွန်းညှိပူဇော်

**ကျောက်ဆည် အောက်တိုဘာ ၇**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့ ဖောင်ရွာ ရပ်ကွက် ရတနာသိမ်ကျောင်း အတွင်းရှိ ပုဂံခေတ်က တည်ထား ကိုးကွယ်ခဲ့သည့် အလိုတော် ပြည့်ဘုရားကြီး၌ သီတင်းကျွတ် လပြည့်( အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၆ ရက် ည ၇ နာရီ က ဆီမီး ၃၁၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပသည်။



ဆီမီးများ ထွန်းညှိပူဇော်ရာတွင် ရတနာသိမ်ကျောင်း ဆရာတော် ဘဒ္ဒန္တဦးကေလာသ ဦးစီး၍ ပြည်သူများ စုပေါင်းကာ ဆီမီး ၃၁၀၀ ဖြင့် ဘုရားကြီး၏ ဘွဲ့တော်အမည်ကို ပုံဖော်ကာ ထွန်းညှိပူဇော်ခဲ့ကြောင်းနှင့် အခြား ရပ်ကွက်၊ ကျေးရွာများတွင်လည်း အလှူအတန်းနှင့် ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ပရိတ်ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူ လုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**






# တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး

**တာချီလိတ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်သည် လူနေထူထပ်ပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရန် အသိပညာပေးဟောပြောခြင်းနှင့် ပိုးလောက်လမ်းပေါက်ပွားမှု မရှိစေရန် အဘိတ်ဆေးခတ်ခြင်းတို့ကို အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက ဝမ်လုံးကျေးရွာအုပ်စုရှိ ဝမ်လုံးကျေးရွာ ပလောင်အလုပ်သမားများ နေထိုင်ရာ ရော်ဘာခြံအတွင်း၌ ဒေသခံ တောင်ပေါ်တိုင်းရင်းသားပြည်သူများအား ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မယ်ယန်းကျန်းမာရေးဌာနအောက်ရှိ လွယ်စတုံ ကျေးလက်ကျန်းမာရေး ဌာနခွဲ ပြည်သူ့ကျန်းမာရေးဌာန ကျေးလက်ကျန်းမာရေးမှူး ဒေါ်ဗစ်တိုရီးယားက ကလေးသူငယ်များနှင့် ကျေးလက်ပြည်သူများအား ရာသီသွေးလွန်တုပ်ကွေးဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန် သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာများကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဟွေခိုက်ကျောင်းဝင်းနှင့် ဝမ်လုံးကျေးရွာအနီး ရော်ဘာခြံအတွင်းရှိ ပလောင်တိုင်းရင်းသား အလုပ်သမားနေအိမ်များအတွင်း၊ အပြင်အသုံးပြုနေသော ရေတွင်း၊ ရေစည်၊ ရေကန်၊ ကျောက်စည်၊ ပန်းအိုးများနှင့် ရေဆိုးရေညစ်များ ရှိနိုင်သည့် နေရာများအတွင်း ပိုးလောက်လမ်းများ ပေါက်ပွားမှု မရှိစေရန် ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာအိမ်ထောင်စုအလိုက် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးပြီး ငှက်ဖျားရောဂါ သွေးဖောက်စစ်ဆေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



## မိုင်းရယ်မြို့နယ် သံတောင်ဦးသကြားစက်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း ရှင်းလင်းပွဲပြုလုပ်

**မိုင်းရယ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၌ လွှတ်တော်အသီးသီးတွင် မဲပေးနိုင်ရန်အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း ရှင်းလင်းပြောကြားခြင်းနှင့် သရုပ်ပြမဲပေးခြင်းကို ယနေ့ နံနက် ၁၁ နာရီက ခိုဆိုင်းကျေးရွာအုပ်စုအတွင်းရှိ သံတောင်ဦးသကြားစက်၌ ရှင်းလင်းပြောကြားသည်။

မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းကို မိုင်းရယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နှင်းနှင်းအောင်က ရှင်းလင်းပြောကြားပြီး လက်တွေ့မဲပေးခြင်း သရုပ်ပြပြုလုပ်သည်။ ယင်းနောက် မဲဆန္ဒရှင်စာရင်းတွင် ပါရှိရေးအတွက် ပုံစံ(၃)၊ ၃(က) တို့ဖြင့် လျှောက်ထားခြင်း၊ မဲဆန္ဒရှင်အချက်အလက်များ မှားယွင်းပါက ပုံစံ (၄)၊ ၄(က)တို့ဖြင့် လျှောက်ထားနိုင်ရေးတို့အား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးရာ သံတောင်ဦးသကြားစက်ရှိ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။

မိုင်းရယ်(ပြန်/ဆက်)

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်နှင့် ရေယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် Ahlone International Port Terminal (AIPT) ဆိပ်ကမ်း၌ ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂၈ မျိုး၊ လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၉၁၅၁၉၉၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Nann Shin ရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၆၁၉၂၆၁) ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၁၇၇၁၂၅၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

အောက်တိုဘာ ၅ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၁၇၇၁၂၅၉) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တာချီလိတ်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိ




တရားခံ စိုင်းရှဲန်ဖ၊ အိုက်အွန်ကျောက်၊ စိုင်းဝန်း၊ စိုင်းရှဲန်တွီ၊ အိုက်မောင်၊ ဖိလစ်(ခ)အကိန်နှင့် စိုင်းလောင်နွံ့ တို့အား ဖမ်းဆီးရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

တာချီလိတ်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာရှိ စိုင်းရှဲန်တွီ၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ စိုင်းရှဲန်တွီ၊ ဖိလစ်(ခ)အကိန်၊ အိုက်မောင်၊ စိုင်းဝန်း၊ အိုက်အွန်ကျောက်၊ စိုင်းရှဲန်ဖနှင့် စိုင်းလောင်နွံ့တို့ ခုနစ်ဦးနှင့်အတူ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅၆ ဘီလီယံ)၊ TOYOTA FORTUNER ယာဉ် တစ်စီး၊ HONDA CIVIC ယာဉ် တစ်စီး၊ TOYOTA CROWN ယာဉ် တစ်စီး၊ ISUZU D-MAX ယာဉ် တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

**ဥပဒေအရ အရေးယူထား**

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ၏ ပိုင်ရှင်ဖြစ်သူ စိုင်းမွန်း နေထိုင်သည့် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဟိုခိုကျေးရွာရှိ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ စိုင်းမွန်းမှာ တိမ်းရှောင်လျက် ရှိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူ များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

---

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- ➢ လူရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- ➢ မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
- ➢ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။






❖ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လို...

❖ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လို...

❖ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ရန်ကုန်မြို့၌ ဖမ်းဆီးရမိ



လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်နှင့် ထန်းတပင်မြို့နယ်နေအိမ်တို့၌ ဖမ်းဆီးရမိသည့် တရားခံများနှင့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကတ်တမင်း ၂၁၉၈ ကီလိုဂရမ်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့်လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကိုအသုံးချကာ ရေလမ်းကြောင်းအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင်

*စာမျက်နှာ ၂၁ ကော်လံ ၁* ❑

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ



ကျောက်မဲမြို့ အထက(၁)၌ ကျောင်းနေအရွယ်ကလေးများအား ကျောင်းအပ်လက်ခံစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Opera–tion)ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှုယန္တရား

*စာမျက်နှာ ၂၀ ကော်လံ ၁* ❖

ယနေ့ *သတင်းအညွှန်း*

## နီပေါနှင့် အိန္ဒိယနိုင်ငံတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမြေပြိုမှုများကြောင့် လူ ဒါဇင်နှင့်ချီသေဆုံး

*နိုင်ငံတကာသတင်း* စာ ၁၄



## တာချီလိတ်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိ

*ပြည်တွင်းသတင်း* စာ ၂၈